
www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

29 JUN 2012



စိုးမိုး
စာ အုပ်တိုက်
အမှတ်(၁၃)၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၀၉၉၅

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၂၃၉၀၃၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၂၅၉၀၄၁၂ |
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၇၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၆၈၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၈၀၀ ကျပ် |

၈၉၅ . ၈၃

အကြည်တော်

တစ်ရှူး / အကြည်တော် ။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၂

၁၁၈ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။

(၁) တစ်ရှူး

BURMESE CLASSIC .com





ကျွန်တော့်မှာ ကောင်းတဲ့အကျင့်လား၊ မကောင်းတဲ့အကျင့်လားတော့ မသိပါဘူး။ ကျွန်တော်ဟာ နေ့ခင်းပိုင်းတွေမှာ တစ်နေကုန်(တစ်ခုမဟုတ်တစ်ခု)အလုပ်လုပ်နေတတ်ပြီး ညနေငါးနာရီထိုးတာနဲ့ မဟုတ်တာ အစုံလုပ်တော့တာပါပဲ။

ဒါ ကျွန်တော့်လျှို့ဝှက်ချက်ပါပဲ။ ဒီကိစ္စကို မပေါက်ကြားအောင် ကျွန်တော် နှစ်ပေါင်းအတော်ကြာကြာ ထိန်းသိမ်းခဲ့တာပါ။ အခု လူစုံလို့ ရှင်းပြတာပါ။

ညနေငါးနာရီထိုးတာနဲ့ ကျွန်တော်ဟာ ဂျိုကာသုံးကောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပြီး ထိုင်စောင့်နေတဲ့ ဖဲသမားလိုပါပဲ။ ဘာလာလာ ဒေါင်းပါတယ်။ ဘာနဲ့ဖြစ်ဖြစ် ဒေါင်းပါတယ်။

နေ့ခင်းပိုင်းဆိုရင် ဘယ်သူခေါ်ခေါ် မအားဘူးလို့ ငြင်းတတ်ပေမယ့် မိုးမှောင်တာနဲ့ စတင်စိတ်ကောင်းပါပြီ။ ဆိုက္ကားနဲ့ခေါ်လည်း လိုက်ပါတယ်။ အရက်လည်း အဲဒီအချိန်မှာ စသောက်တာပါ။ နေ့ခင်းပိုင်း တစ်ခါမှ မသောက်ခဲ့ဖူးပါဘူး။ (သင်္ကြန်ကလွဲရင်ပေါ့)

ညခင်းပိုင်း သောက်ရင်တောင် ကျွန်တော်က လစ်မစ်ထားပါတယ်။ ကျွန်တော့် လစ်မစ်က "ပါးစပ်ထဲမဝင်တော့ရင် မသောက်တော့ပါဘူး" အဲသည်လောက် သစ္စာရှိပါတယ်။

နောက်ပြီး အဲဒီအချိန်ကစပြီး ကျွန်တော်ဟာ ကောင်မလေးတွေကို စတင်ချစ်တတ်ပါပြီ။ ဘာလာလာဒေါင်းပါပြီ။ ဒါကြောင့် အရက်ကလည်းမူးနေတော့ မှောက်မှားပြီး ဒူးနဲ့မျက်ရည်သုတ်ခဲ့ရတာလည်း အကြိမ်ကြိမ်ပါပဲ။

ကျွန်တော့်အစ်ကိုတွေက ပြောပါတယ်။

"ယောကျ်ားတွေသာ ကလေးမွေးတတ်ရင် မောင်ကြည်မှာ မယားကောင်မပေါ်

ရှက်လွှန်းလို့ ဘယ်သူ့မှမပြောဘူး၊ ကျုပ်ခေါင်းထဲမှာက 'ဟာသနဲ့ရာဂ'ပဲ ရှိတယ်၊ ဟာသထွက်ရင် ထွက်၊ မထွက်ရင် ရာဂထွက်တာပဲ၊





ဘဲ မွေးတဲ့ကလေး နည်းမှာမဟုတ်ဘူး"

မှန်ပါလိမ့်မယ်။ ငါးနာရီကျော်ရင် ဘယ်မိန်းကလေးပဲဖြစ်ဖြစ် မောင်ကြည်ကိုဖန်။ ကြည်ဖို့များပါတယ်။ (ကျွန်တော်ပြောတာအားလုံး တကယ်မထင်ပါနဲ့၊ ဒါဟာ ဝတ္ထုပါပဲ၊ ဝတ္ထုလို့ပဲ ယုံကြပါ။ တကယ်လည်း ပါချင်ပါမှာပေါ့)

ဩော် အခုတော့ အသက်လည်း လေးဆယ်ပြည့်ပြီဆိုတော့ အရင်ကလို လိုက်မရှုပ်တော့ပါဘူး၊ တကယ်။ ခြင်ထောင်လေးမ,ပြီး သူများက ရှုပ်တာပဲခံတော့တယ်။ အဟုတ်။

ရှက်လွှန်းလို့ ဘယ်သူ့မှမပြောဘူး။ ကျုပ်ခေါင်းထဲမှာက 'ဟာသနဲ့ရာဂ'ပဲ ရှိတယ်။ ဟာသထွက်ရင်ထွက်၊ မထွက်ရင် ရာဂထွက်တာပဲ။ ဒါတောင် အသက်ကြီးလာတော့ ကိလေသာကုန်ပြီ။ တဏှာပဲကျန်တော့တာ။ အဟုတ်။

အဲဒီကောင်းမှုတွေကြောင့် ကျွန်တော့်မှာ ငွေဆိုတာ ပိုတယ်ရယ်ကို မရှိပါဘူး။ အမြဲတမ်း ဘိုင်ပြတ်နေတော့တာပါပဲ။

ဒါတောင် အားလုံးသိတော်မူကြတဲ့အတိုင်း ကျွန်တော်က ငွေကို စည်းကမ်းနဲ့ သုံးပါတယ်။ ကျွန်တော့်မှာ အင်မတန်ကောင်းတဲ့ အကျင့်ဆိုလို့ ငွေကို စည်းကမ်းနဲ့သုံးတာပဲ ရှိပါလိမ့်မယ်။

ကျွန်တော်ဟာ ရလာတဲ့ပိုက်ဆံများကို အမြဲတစေ သုံးပုံပုံပါတယ်။ အဲဒီအထဲကမှ

တစ်ပုံကိုသုံးပါတယ်၊
တစ်ပုံကိုဖြုန်းပါတယ်၊
ကျန်တဲ့တစ်ပုံကိုမှ
ဘယ်သူ့ကိုမှ မပေးပါဘူး။
သုံးတဲ့တစ်ပုံကို မိသားစုများ ဆွေမျိုးများနဲ့ သုံးပါတယ်။
ဖြုန်းတဲ့တစ်ပုံက ကျွန်တော်ဘယ်လိုဖြုန်းလည်း ပြောပြပါ့



www.burmeseclassic.com

www.burmeseclassic.com



မယ်။

ဘယ်သူမှမပေးတဲ့ တစ်ပုံက ကျွန်တော်ယူပါတယ်။

ထားတော့။

ဒီလိုအဖျက်အင်အားကောင်းတဲ့ စိတ်ဓာတ်ရှိတဲ့ကျွန်တော်ဟာ အမြဲတစေ ဘိုင်ပြတ်နေတတ်ပါတယ်။

ဘိုင်ပြတ်တိုင်းလည်း ကျွန်တော်ဟာ မသူတော်အချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့တတ်တဲ့ အယ်ဒီတာမင်း သူငယ်ချင်းများထံသွားပြီး မဟုတ်တာကြံလေ့ရှိပါတယ်။

× × ×



BURMESE CLASSIC .com





ဩော် စာပေသမားအချင်းချင်း အယ်ဒီတာမင်းများနဲ့ ဆုံတော့လည်း စာအကြောင်းပေအကြောင်းများ အကျယ်တဝင့်အားရပါးရ ဆွေးနွေးဖြစ်ကြပါတယ်။ ကိုယ်တွေက စာပေသမားတွေကိုး ဒါကြောင့် စာပေရဲ့အာဟာရဖြစ်တဲ့

"ဘယ်မော်ဒယ်လ်လေးတော့ လင်နောက်လိုက်ရှာပြီ"

"ဘယ်မင်းသမီးတော့ စပွန်ဆာခိုင်ပြန်ပြီ"

"ဘယ်သူဌေးက ဘယ်မော်ဒယ်လ်ရဲ့ဟမ်းဖုန်းကို စိန်စီပေးထားတာ"

စသည်ဖြင့် အားရစရာတစ်သင်းကို ကွက်ကွက်ကွင်းကွင်း



www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးဖြစ်ကြတော့တာပါပဲ။ အဲသည်လို ဆွေးနွေးပြီးရင် ငွေရပေါက် ဘယ်မှာချောင်ပါ့ဆိုပြီး ဆက်ဆွေးနွေးပါတော့တယ်။

ကျွန်တော်နဲ့ပေါင်းတဲ့ အယ်ဒီတာမင်းများကလည်း သိတော်မူတဲ့အတိုင်းပါပဲ။ ဖဲသမားစကားနဲ့ပြောရင် 'ဘူကောင်'တွေချည်းပါပဲ။ အမြဲတမ်းဘိုင်ကျနေပြီး ငွေရပေါက် ဘယ်လိုချောင်မယ်ဆိုတာချည်း တွေးတောနေတတ်ကြသူတွေပါ။

တစ်ခါကလည်း အားလုံးငွေပြတ်လို့ 'သူကြီး'ကို ဓားပြတိုက်လို့ လက်စွပ်အတုကြီးမိခဲ့ကြောင်း ရေးခဲ့ပြီးပါပြီ။ အခုလည်း ဘယ်လိုငွေရပေါက်ချောင်မယ်ဆိုတာ တိုင်ပင်မိပါပြီ။

× × ×









"ဒီလိုဗျ"

အားလုံးက ကျွန်တော့်စကားကို နားစွင့်သည်။

"ကျွန်တော့်မှာ အင်မတန်ငွေရပေါက်ချောင်မယ့်အကြံ ရှိတယ်"

"ဆိုစမ်းပါဦး"

"ငွေရပေါက်ချောင်ရင် တို့လည်းပါ,ပါရစေ"

အားလုံး စိတ်ဝင်စားသွားကြသည်။

"ဒီအကြံက ငွေကို လွယ်လွယ်ကူကူ ရမယ့်နည်းဗျ"

"လုပ် လုပ်စမ်းပါဦး၊ ငွေရပေါက်ချောင်မယ်ဆိုရင်"

First ဂျာနယ်အယ်ဒီတာ အောင်စိုးသူက ခင်ထောက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူက ဂျာနယ်နှစ်စောင်နှင့် လုံးလည်ချာလည်ရိုက်နေသူမို့ အမြဲ ငွေလိုနေသည်။

"ဂျာနယ်ထုတ်မယ်"

"ဘာ"

"ဘယ်လို"

ကျွန်တော့်စကားကြောင့် အားလုံး မျက်လုံးပြူးသွားသည်။ အားလုံးက ဂျာနယ်မဂ္ဂဇင်း အယ်ဒီတာများ မဟုတ်လား။ ဂျာနယ် အကြောင်း ကောင်းကောင်းသိကြသည်။ ထို့ကြောင့် ကျွန်တော့်စကား ကြောင့် ပြန်လည်ပျော့ကျသွားပြီး

"တောက် ဘာများလဲလို့၊ အလုပ်လည်းရှုပ်၊ ကြော်ငြာမရရင် ပြုတ်မယ့်ဂျာနယ်မှ ထုတ်ချင်တယ်တဲ့၊ ဒါလား ငွေရပေါက်ချောင်မှာ"

"အေးလေ၊ တစ်ပတ်တစ်ပတ် အိပ်ရေးပျက်ပြီး မရှုံးအောင် မနည်းကျားကန်နေရတဲ့ဂျာနယ်များ ထုတ်ချင်သတဲ့"

"ဒီအလုပ်ကိုမှ ငွေရပေါက်ချောင်မှာတဲ့၊ ဒီကောင် ကြောင်ပြီ ထင်တယ်"

အားလုံးပွစိပွစိဖြစ်ကုန်၏။ ဒါကို ကျွန်တော်က ပိုင်ပိုင်ကြီး ပြုံးပြီး

"ကျွန်တော်ထုတ်မယ့်ဂျာနယ်က သာမန်ဂျာနယ်မဟုတ်ဘူး"

အားလုံး စိတ်ဝင်စားသွားကြပြန်သည်။ ဒါကို ကိုမျိုး(မြန်မာ ၁၁)က

"ကွာလတီလား"

ကျွန်တော်ခေါင်းခါရင်း

" No"

"ဒါဖြင့်"

လွှမ်းဝေနိုင်က အလောတကြီးမေးသည်။ ကျွန်တော်က တစ်





လုံးချင်း ပြန်ဖြေလိုက်သည်။

"တစ်ရှူးဂျာနယ်"

"ဘာ"

"ဘာကွ"

"ဘယ်လို"

အားလုံးထဲမှ အာမေဋိတ်သံတွေ စီညံသွား၏။ တစ်ချိန်လုံး ငြိမ်နေသော သို့ သူအောင်က

"ဘာကွ၊ တစ်ရှူးဂျာနယ် ဟုတ် လား၊ ဘာလဲ တစ်ရှူးဂျာနယ်"

သူတို့အမေးကို ကျွန်တော်က အား တက်သရောဖြင့်

"ဒီလိုဗျ"

ခေါင်းတွေစုကပ်ကုန်သည်။

"ဂျာနယ်ကို အခုလို စက္ကူတွေ စာ ရွက်တွေနဲ့ မလုပ်ဘူး၊ တစ်ရှူးပေါ်မှာပဲ ရိုက် လိုက်မယ်"

"အဲဒီတော့"

ကျော်သီဟက မျက်မှန်ကြီးပင့်ကာ ထောက်သည်။

"ဂျာနယ်ကို တစ်ရှူးပေါ်မှာပဲ ရိုက် လိုက်မယ်၊ တစ်ရှူးဖြစ်တဲ့အတွက် စာရွက်ဖိုး အများကြီးသက်သာမယ်၊ လူတွေအတွက် လည်း အသင့်တော်ဆုံး အသုံးဝင်မယ်"

အားလုံး တစ်ယောက်မျက်နှာ

"ဂျာနယ်ကို အခုလို စက္ကူတွေ စာရွက်တွေနဲ့ မလုပ်ဘူး၊ တစ်ရှူးပေါ်မှာပဲ ရိုက်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ကြည့်ကြသည်။ နောက်မှ လွမ်းဝေနိုင်က ဇဝေဇဝါဖြင့်

"ကုန်ကျစရိတ် သက်သာတာတော့ ဟုတ်ပါပြီ၊ အသုံးဝင်တာက ဘယ်လိုအသုံးဝင်မှာလဲဟင်"

သူ့အမေးကို ကျွန်တော်ကပြုံးပြီး

"ထမင်းစားရင်းဖတ်၊ အိမ်သာတက်ရင်းဖတ်၊ ပြီးရင် လက်သုတ် ပါးစပ်သုတ်၊ ဟိုသင်းလုပ်(အမူအယာဖြင့်သာ လုပ်ပြလိုက်သည်) နှစ်ပင်"

"နှစ်ပင်"

အားလုံးခေါင်းထောင်ကုန်၏။ ကျွန်တော်ကသာ အားတက်ပြီး

"ဟုတ်တယ်လေ၊ ဂျာနယ်လိုလည်း ဖတ်လို့ရတယ်၊ တစ်ရှူးလိုလည်း အစုံသုံးလို့ရတယ်၊ ဆိုကြပါစို့ဗျာ၊ နောက်တစ်ခုသော အားသာချက်က ကိုယ်ကြိုက်သော မင်းသားမင်းသမီးဆို တစ်ရှူးကို အသာအယာဖြတ်၊ မျက်နှာလေးကို ချွေးထွက်တိုင်း မခိုတရိုလေးသုတ်၊ ကိုင်းမင်းသား မင်းသမီးက ကိုယ့်ကို မွှေးမွှေးပေးသလို မဖြစ်ဘူးလား"

အားလုံးခေါင်းညိတ်ကြသည်။

"ဟုတ်တော့ဟုတ်သား၊ ကိုယ်ကြိုက်တဲ့ မင်းသားမင်းသမီးပုံနဲ့တော့ ချွေးသုတ်ချင်သား"

"မင်းသမီးပုံနဲ့သာ ချွေးသုတ်ရမယ်ဆို ဟီဟိ"

ထောက်ခံသံများ ထွက်လာ၏။ ကျွန်တော်လည်း ပို၍အားတက်ပြီး

"ဒါတင်ပဲလားဆိုတော့ မကသေးဘူး"

"ဟင် တစ်ရှူးဂျာနယ်က ဒီထက်ရှိသေးတယ် ဟုတ်လား"

အောင်စိုးသူက တအံ့တသြမေး၏။ ကျွန်တော်က

"ရှိတာပေါ့ဗျ၊ ကိုယ်မကြိုက်တဲ့မင်းသား၊ ကိုယ်မကြိုက်တဲ့





ဆောင်းပါးဆိုရင် အိမ်သာထဲဝင် ကျစ်" (ပုံစံသာလုပ်ပြလိုက်သည်)

အားလုံးက ခေါင်းညိတ်ကြပြန်သည်။

"ဒါလည်းဟုတ်သား၊ ကိုယ်အမြင်ကပ်တဲ့ကောင်ဆို ဒီနည်းနဲ့ လက်စားချေတာ အကောင်းဆုံး၊ အိမ်သာထဲဝင် ကျစ်" (ပုံစံလုပ်ပြကြပါသည်)

အားလုံးခေါင်းတညိတ်ညိတ် ဖြစ်ကုန်၏။

ပြီးနောက် အောင်စိုးသူက မျက်မှောင်ကြုတ်ရင်း

"ဆိုးတော့မဆိုးဘူးဟ၊ စာလည်းဖတ် လက်လည်းသုတ်ဆိုတော့"

သူ့စကားကြောင့် ကျွန်တော် ပို၍အားရပြီး

"မဆိုးတာမဟုတ်ဘူး၊ ကောင်းကိုကောင်းတာ၊ နောက်ပြီး ကျုပ်မှာ ဂျာနယ်စောင်ရေတိုးတက်အောင် Planတွေ အများကြီး ရှိသေးတယ်"

"ဘာ Plan လဲ"

"ပလန်လက်ပြန်ပြီလား"

"ပလန်လက်တော့ ပက်လက်လန်ဘာ ဟုတ်ပါဘူး၊ ဒီလိုဗျ၊ ဂျာနယ်ပရိုမိုးရှင်းအနေနဲ့ တစ်နှစ်တာအတွင်း အိမ်သာမှာ

'ဒီလိုဗျာ၊ ဂျာနယ်ပရိုမိုးရှင်း အနေနဲ့ တစ်နှစ်တာအတွင်း အိမ်သာမှာ အသုံးခံရဆုံး လူကိုရွေးပြီး ရွှေအိမ်သာဆု ပေးမယ်'



www.burmeseclassic.com

www.burmeseclassic.com



အသုံးခံရဆုံးလူကိုရွေးပြီး ရွှေအိမ်သာဆုပေးမယ်"

"ဘယ်လို"

"ဟိုလေ လူရှေ့သူရှေ့မှာ ဘိုထိုင်အိမ်သာခွက်ကို လည်ပင်းက စွပ်ပေးမယ်"

"အေး ဒါဆို ဟိုအဖုံးက နောက်မှာ ယပ်တောင်လိုတောင်ဖတ်သီဖတ်သီရှိဦးမှာ၊ ဟိဟိ မဆိုးဘူးဟ"

ကျော်သီဟက စိတ်ကူးတွေယဉ်ပြီး ထိပ်ဖူးတွေပြင်နေသည်။

"ဆောင်းပါးတွေ ဝတ္ထုတွေဆိုလည်း ကြိုက်ရင်ဖြတ်သိမ်း၊ မကြိုက်ရင် ကျစ်"

ပုံစံသာ လုပ်ပြလိုက်သည်။

ထိုတော့မှ အားလုံးခေါင်းထောင်ပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။

အားလုံးက စာသမားတွေချည်းကို။

နောက်မှ လွမ်းဝေနိုင်က မျက်မှောင်ကြုတ်ပြီး

"အေး အစီအစဉ်တော့ ကောင်းပါတယ်၊ ဒါနဲ့ မင်းဂျာနယ်မှာ ဆောင်းပါးတွေ ဝတ္ထုတွေက ဘယ်သူရေးမှာလဲ"

ကျွန်တော်က အားတက်သရောဖြင့်

"ခင်ဗျားတို့ ကျွန်တော်တို့ပဲ ရေးမှာလေ"

လွမ်းဝေနိုင်ခေါင်းညိတ်သည်။ ပြီးမှ

"ဒါဖြင့် ပထမဆုံးအပတ်မှာတင် စောင်ရေတက်သွားအောင် မင်းမျက်ခွက်နဲ့ မင်းဆောင်းပါးလေးနဲ့ အရင်စလိုက်ရအောင်"

"ဟင် ဟင်"

သူ့စကားကြောင့် ကျွန်တော့်မျက်နှာကြီး ဖရိုဖရဲဖြစ်သွားမည်ထင်သည်။ ထိုတော့မှ အားလုံးရိပ်မိပြီး

"ဟုတ်တယ်၊ ဟုတ်တယ်၊ မင်းမျက်ခွက်နဲ့ဆို သုံးသူတွေများ





ကိုများမှာ သေချာတယ်၊ လုပ်ပါ၊ ဂျာနယ်တစ်ခုလုံး မင်းမျက်ခွက်နဲ့ မင်းဆောင်းပါးလေးချည်း လုပ်ပါ၊ ငါတို့မြိန်မြိန်ကြီး သုံးပေးပါ့မယ်"

"အိမ်သာတိုင်းမှာ မင်းမျက်နှာဖြစ်ရစေ့မယ်"

"ဒါပေါ့ ပရိုမိုးရှင်းက ဒီကစရမှာ"

စသည်ဖြင့် မျက်နှာကြီးတစိမ့်စိမ့်ကြည့်ပြီး ဝိုင်းပြောနေတော့ ကျွန်တော်လည်း ရှက်ကိုးရှက်ကန်း(ထင်တာပါ)နှင့်

"ဟဲဟဲ အဲ အဲလိုဘယ်ဖြစ်မှာလဲဗျ၊ အဲဒီအတိုင်းဆို ရွှေအိမ်သာဆု ကျွန်တော်ချည်းရပြီး ပရိသတ်က ဟဲဟဲ မဲလိမ်တယ် ထင်ကုန်ဦးမယ်၊ ဟီးဟီး"

ထုတ်လိုက်လေ
တစ်ရှူးဂျာနယ်၊
မင်းမျက်နှာကြီး
အိမ်သာမှာ
ဘယ်မှာမဲ
ရတယ်ဆိုတာ
ငါ မီးညှပ်နဲ့
လိုက်ကောက်ပြီး
ဘော့ကို ပြမယ်

ကျွန်တော့်စကားကို သူတို့က

"အို အို ဒါတော့ မဲလိမ်တယ်လို့ ဘယ်သူမှထင်မှာ မဟုတ်ပါဘူး၊ အစကတည်းက မဟုတ်တောင်မှ ကြားဖြတ်ရွေးကောက်လိုက်ရင် မင်းပဲမဲသာပါလိမ့်မယ်"

"တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ရှိရင်းစွဲထက်ကို မင်းပဲ နှစ်မဲပိုသာလိမ့်မယ်"

"ဘာလို့"

"ဗိုက်ကြီးသည်ပါသုံးလို့လေ"

"တောက်"

ဘယ်လိုမှ ရှင်းပြမရတော့။ အား



www.burmeseclassic.com

www.burmeseclassic.com



လုံး ကျွန်တော့်မျက်ခွက်ကြီးကို တစိမ့်စိမ့်ကြည့်ပြီး အားတွေရနေတော့ ဘယ်လိုမှ ရှင်းပြမရတော့။ ထို့ကြောင့်

"မဟုတ်ဘူးလေ၊ ကျွန်တော်ပြောတာက ကျွန်တော်တို့က ထုတ်ဝေသူတွေလေ၊ တခြားလူတွေကိုသာ"

ဒါကို လွမ်းဝေနိုင်က

"ဩော် သူများတွေပဲပေါ့လေ၊ မင်းမျက်နှာကြီးကျတော့ ဒီလို ကျစ်(ပုံစံလုပ်ပြပါသည်)လုပ်တာမခံချင်ဘူး ဟုတ်လား၊ မင်းလောက် သောက်ရှက်နည်းတဲ့ကောင်တောင် ဒါမျိုးအလုပ်မခံချင်ရင် ဘယ်သူက အလုပ်ခံချင်မှာလဲ"

ဒါကို ကိုမျိုး(မြန်မာစာ)ကဝင်ပြီး

"ထားလိုက်ပါ ကိုလွမ်းရယ်၊ ဒီကောင့်မျက်နှာကြီး ဘယ်နေရာနဲ့တူတန်တယ်ဆိုတာ သိရဲ့သားနဲ့၊ ထုတ်လိုက်လေ တစ်ရှုးဂျာနယ်၊ မင်းမျက်နှာကြီး အိမ်သာမှာ ဘယ်နှမဲရတယ်ဆိုတာ ငါ မိုးညွပ်နဲ့ လိုက်ကောက်ပြီးတော့ကို ပြမယ်"

ကိုသျှိက တစ်ခွန်းပဲပြောသည်။

"အိမ်သာတိုင်းမှာ မင်းမျက်နှာ"

ဤသို့ဖြင့် ကျွန်တော့်မှာ အင်မတန်ငွေရချောင်သော အလုပ်ရှိပါသော်ငြား မည်သူမျှ အားမပေး၍

"တော်ပြီဗျာ၊ ခင်ဗျားကြီးတို့ မကူညီလည်း ကျုပ် တခြားလူတွေနဲ့ပေါင်းပြီး ကျုပ်ကိစ္စအကောင်အထည်ဖော်တော့မယ်၊ သွားပြီ"

ဆိုကာ ထထွက်လာခဲ့ရသည်။ ဒါကိုတောင်ကြားရသော အသံက

"ဟေ့ကောင်၊ ငါ့ဆီမှာ မင်းပုံကို ဆံပင်ရှည်နဲ့လည်းရှိတယ်၊ ဆံပင်တိုနဲ့လည်း ရှိတယ်၊ မင်းတစ်ရှုးဂျာနယ်မှာထည့်ဖို့လိုရင် လာယူနော်၊ ငါ မေတ္တာနဲ့ ကူညီမယ်"





ဆိုတာကတစ်မျိုး

"ဟေ့ကောင် မင်းဆောင်းပါးအဟောင်းလေးတွေ ငါသိမ်းထားတာရှိတယ်၊ ဖတ်တာတော့မသိဘူး၊ လက်သုတ်လို့တော့ သိပ်ကောင်းမှာ လိုရင်လာယူလှည့်"

ဆိုတာက တဖုံတို့ကြောင့် ကျွန်တော့်ကိုယ်ကျွန်တော် အိမ်သာတွင်း အသုံးချခံပုံရိပ်များကို မြင်ယောင်ပြီး သုတ်ချေတင်ရပေတော့သည်။

× × ×





www.burmeseclassic.com

www.burmeseclassic.com





အားလုံးသိတော်မူကြသည့်အတိုင်း ကျွန်တော့်မှာ အင်မတန်ငွေရချောင်သော အလုပ်ကြီးရှိနေပြီး အကောင်အထည်မဖော်ရ၍ စိတ်ထဲတွင် တနုံ့နုံ့နှင့် ဖြစ်နေမိလေသည်။

သို့သော် အရာရာကို အလွယ်တကူ လက်မလျှော့ချင်သော စိတ်ကြီးမားသော ကျွန်တော်မှာ ဤစာနယ်ဇင်းများကို မည်သို့စည်းရုံးရမည်ကို အကြံတွတ်အနယ်စဉ်းစားရလေသည်။

အမှန်က ကျွန်တော့်မှာက အကြံသာရှိပြီး အကောင်အထည်ဖော်ရလောက်အောင် အရည်အချင်း မရှိ၍ ဤသူများကိုအောင့်အီးပေါင်းနေရပေသည်။





အမှန်တကယ် စိတ်ရင်းကတော့ လုံးဝပေါင်းသင်းချင်စိတ်မရှိ။

အမှန်အတိုင်း ဝန်ခံရလျှင် သူတို့ရှေ့ထိုင်နေရမည့်အစား ကိုယ့်မျက်ခွက်ကိုယ် မှန်နှင့်ပြန်ကြည့်၍ပင် ရွံလိုက်ချင်သေးသည်။ သို့သော် ဤအမှု၌ သူတို့မှာ မရှိမဖြစ် လိုအပ်နေသေးသမို့ မဖြစ်မနေ ပေါင်းသင်းရန် ကြံနေရခြင်းဖြစ်လေတော့သည်။

ဤသို့ဖြင့် တစ်နေ့သ၌ ကျွန်ုပ်မှာ သူတို့မဖြစ်မနေ စိတ်ဝင်စားမည့် အကြောင်းအရာတစ်ခု ခေါင်းထဲရောက်လာလေတော့သည်။

ဤသည်ကား

× × ×



www.burmeseclassic.com

www.burmeseclassic.com





"ဖခင်နှင့်လူကြီးစောင့်ရှောက်ရေးအသင်းထောင်မယ်"

ကျွန်တော့်စကားကြောင့် အားလုံးခေါင်းထောင်ကုန်ကြ၏။ ထုံးစံအတိုင်း လွမ်းဝေနိုင်က သူ့နက်ပြောင်ပြောင်မျက်နှာပေါ် ကပ် သတ်ပေါက်ရောက်နေသော မျက်ခုံးကိုပါရှုံ့ပြီး

"ဘာလဲကွ၊ ဖခင်နှင့်လူကြီး စောင့်ရှောက်ရေးအသင်းဆိုတာ"

ကျွန်တော်က ခပ်ဟာဟာပြုံးလိုက်ပြီး

"ကျုပ်တို့နိုင်ငံရဲ့ လိုအပ်တဲ့ကွက်လပ်တစ်ခုပေါ့ဗျာ၊ ကျုပ်တို့ ဆီမှာက မိခင်နှင့်ကလေးစောင့်ရှောက်ရေးပဲ ရှိတာမဟုတ်လား၊ အမှန် တော့ တစ်တိုင်းပြည်လုံးမှာ မိခင်နဲ့ကလေးတွေချည်းပဲ ရှိတာ မဟုတ်





ပါဘူး၊ ဖခင်နဲ့လူကြီးတွေလည်းရှိတာပဲ၊ ဒီတော့ မိခင်နဲ့ကလေးကို စောင့်ရှောက်ရင် ကျွန်တော်တို့ကရော ဖခင်နဲ့လူကြီးကို မစောင့်ရှောက် သင့်ဘူးလား၊ ကဲ ပြော"

အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။

ပြီးမှ လူကသာ လေးပေမပြည့်တဲ့ ကလေးဆိုဒ်။ သက်တော်က ဘိုးဘွားရိပ်သာတစ်ဖက်၊ သချိုင်းတစ်ဖက်လှမ်းနေသော Firstဂျာနယ် အယ်ဒီတာချုပ် အောင်စိုးသူက

"အေး ဟုတ်တော့ဟုတ်တယ်ကွ၊ မိခင်နဲ့ကလေးရှိရင် ဖခင်နဲ့ လူကြီးလည်း ရှိသင့်တာပဲ"

ကျော်သီဟက သူ့ဗိုက်ကြီးသူပွတ်ပြီး

"ဟုတ်တယ်ဗျ၊ တချို့ဖခင်တွေဆို သိပ်သနားစရာကောင်း တယ်၊ ဥပမာ ကျွန်တော်တို့လိုပေါ့၊ ဟီးဟီးဟီး"

ကျော်သီဟက ခွင်ဆင်သည်။ သူက ဒီအတိုင်းပင်။ နာဂစ် ဖြစ်တုန်းကလည်း ကျွန်တော့်ဆီရောက်လာပြီး

"ကိုကြည်ရာ၊ ကျွန်တော့်အိမ်မှာ လေတိုက်ချိန်မှာ ဖုန်းခနဲ ဖုန်းခနဲ လွင့်သွားတာ လမ်းဟိုဖက်မှာ ကြေမွနေတာ"

ရုပ်ကြီးကလည်း ပေစုတ်လို့။ ကိုယ့်မှာ သနားပြီး အလှူခံ ထည့်လိုက်ရတာ။

ဘယ်သိပ်ကြာမှာလဲ။ ကျိုက်ထီးရိုးသွားတော့ သူ့သားနဲ့ဆုံ တယ်။ ဒါနဲ့ မေးကြည့်တာပေါ့။

"နာဂစ်ဖြစ်တုန်းက မင်းတို့အိမ်အခြေအနေ အတော်ဆိုးဆို"

ဆိုတော့ ကောင်လေးက မျက်မှောင်ကြုတ်ပြီး

"ဘာဖြစ်လို့လဲ၊ ဘာမှမဖြစ်ပါဘူး"

ကျွန်တော်လည်း အံ့အားသင့်ပြီး

"ဟင် မင်းအဖေပြောတော့ အိမ်က လေထဲလွင့်ပြီး လမ်းဟို



www.burmeseclassic.com

www.burmeseclassic.com



ဘက်အခြမ်းမှာ ပက်လက်ကလေးလဲလို့ဆို"

"ဟာဗျာ၊ ခင်ဗျားကြီးကလဲ တိုက်ခန်း(၆)လွှာမှာနေတာ၊ ဘယ်လိုလုပ်လွင့်မှာလဲဗျ"

ဪ အဲဒီတော့မှသိတယ်။ ကျုပ်ကို လိမ်စားသွားတာ။

ထားပါ။

"ဒီလိုဗျ၊ ကျွန်တော်တို့ဆီမှာ နိုင်ငံတကာနဲ့ မတူတဲ့ စနစ်တစ်ခုရှိတယ်"

အခုလည်းကြည့် သျှိသူအောင်က

"ဖခင်နဲ့လူကြီးကတော့ ဟုတ်ပါပြီ၊ အဲဒီ ဖခင်နဲ့လူကြီးတွေကို ဘာလုပ်ကြမှာလဲဟင်"

သူ့အမေးကို ကျွန်တော်က

"ကူညီမယ်၊ ထောက်ပံ့မယ်လေ"

"ကူညီထောက်ပံ့မယ်"

အားလုံး မျက်မှောင်ကြုတ်ကုန်ပြန်၏။

ကိုမျိုး(မြန်မာစာ)က

"ကူညီထောက်ပံ့တာတော့ ဟုတ်ပြီ၊ ရန်ပုံငွေက ဘယ်ကရမှာလဲ"

သူ့စကားကို ကျွန်တော် ပိုင်ပိုင်ကြီး ပြုံးလိုက်သည်။

"မပူနဲ့ ကျွန်တော့်မှာ ပလန်ရှိတယ်"

"ပလန်လက်ပြန်ပလား"

"ပလန်လက်တော့ ပက်လက်လန်၊





အာ ယောင်ကုန်ပြီ၊ ဒီလိုဗျ"

ထုံးစံအတိုင်း ကျွန်တော့်အနား ခေါင်းတွေစုကပ်ကုန်၏။

"ဒီလိုဗျ၊ ကျွန်တော်တို့ဆီမှာ နိုင်ငံတကာနဲ့မတူတဲ့ စနစ်တစ်ခုရှိတယ်"

"ဆိုပါဦး"

အားလုံးစိတ်ဝင်စားကြသည်။

"အဲဒါက အရည်မရ၊ အဖတ်မရ၊ အဝေးကကြည့်ပြီး သွားရည်ကျရပြီး ပိုက်ဆံတွေ ဒရဟောကုန်တဲ့စနစ်လေ"

"ဘာစနစ်လဲ"

"စင်တင်အဆိုတော်တွေကို ပန်းကုံးချတဲ့ ကာရာအိုကေ စင်တင်နှာဘူးစနစ်လေ"

ခေါင်းညိတ်ကြသည်။ သျှိသူအောင်က

"ခင်ဗျားတို့လို ငယ်ဖြူနှာဘူးတွေပေါ့"

"ဟုတ်ကဲ့ အာ ဟုတ်ပါဘူးဗျာ"

သူ့စကားကြောင့် ရှိုးတိုးရှန့်တန့်ဖြစ်ရသေး၏။

ဒါကို အကြောင်းသိ ကျော်သီဟက

"ဘာမဟုတ်တာလဲ၊ ခင်ဗျားတို့နားက စင်တင်ကောင်မလေးကိုကြောင်ပြီး ခင်ဗျား ဟမ်းဖုန်းတောင် ဝယ်ပေးလိုက်တာ မဟုတ်လား"

"အပေါင်ဆုံးမို့ပါ၊ အဲ အဲ ရှုပ်ကုန်ပြီဗျာ"

"ဒါဆို ဟုတ်တယ်လို့ဝန်ခံ"

ဒီကြားထဲ သျှိသူအောင်က တစ်စခန်းထသေးသည်။

"ဟုတ်တယ်ဗျာ၊ ဟုတ်တယ်၊ ဖုန်းတော့ ဝယ်မပေးဖူးဘူး ပန်းကုံးတော့ ချဖူးတယ်"

"ဒါဆို ခင်ဗျားကနှာဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗျာ၊ အေးရော။ ကျုပ်ခေါင်းထဲမှာ ဟာသနဲ့ရာဂပဲ ရှိတယ်၊ ဟာသထွက်ရင်ထွက်၊ မထွက်ရင် ရာဂထွက်လာတယ်၊ ဝန်ခံတယ်"

"ဒါဆိုပြီးရော"

ထိုတော့မှ အားလုံးကျေနပ်သွားသည်။ ဝန်မခံလျှင် ထိုကိစ္စ ဆုံးမည်မဟုတ်။

ထိုတော့မှလည်း စကားကို ဆက်၍ရသည်။

"အဲဒီတော့ဗျာ၊ မိခင်နဲ့ကလေးတွေဆီလည်း မရောက်၊ ဖခင်နဲ့လူကြီးကိုလည်း မပေးဘဲ စင်တင်တွေမှာ အဆိုတော်မတွေကို ရမလားဆိုကဲ့စိတ်နဲ့ ပန်းကုံးချနေတဲ့"

"ခင်ဗျားတို့လိုပေါ့"

"အေး ကျွန်တော်တို့လို၊ အာ ကိုမျိုးရာ ပြောပါရစေဦး၊ အဲဒီလိုလူမျိုးတွေဆီက အလှူခံကောက်မယ်"

"ဟယ်"

ကျွန်တော့်အကြံကို အားလုံးမျက်လုံးပြူးကုန်သည်။ ကျွန်တော်ကသာ အားတက်ပြီး

"ဟုတ်တယ်မဟုတ်လား၊ သူတို့ ပန်းကုံးချတဲ့ပိုက်ဆံက ဘယ်သူ့ဆီမှလည်း မရောက်၊ ဘာမှလည်း အကျိုးမရှိ၊ သူတို့ ပန်းကုံးချတဲ့ ကောင်မလေးလည်း ဘာမှမရ၊

> "ဒီလို ကာရာအိုကေ နှာဘူးတွေဆီက ငွေရရင် ကျုပ်တို့ ဖခင်နှင့်လူကြီး စောင့်ရှောက်ရေး ရန်ပုံငွေ ခိုင်ပြီပေါ့ဗျာ၊ ဟုတ်ဘူးလား"





ဆိုင်ရှင်က ထက်ဝက်ကြေးဖြတ်တာနဲ့ အဝတ်အစားဖိုးကုန်တာနဲ့ ဖြစ်မယ့်အတူတူ ဒုက္ခရောက်နေတဲ့ ဖခင်နဲ့လူကြီးတွေကို အလှူပေးလိုက်ရင် အကျိုးမရှိဘူးလားဗျာ"

"သိပ်ရှိတာပေါ့"

အောင်စိုးသူက ကျွန်တော့်စကားကို ထခုန်မတတ် ထောက်ခံသည်။

ကျန်သူအားလုံးကလည်း ရင်ချောင်သွားသလို ရုပ်မျိုးတွေ ပေါ်လာ၏။

"ဒီလိုကာရာအိုကေနှာဘူးတွေဆီက ငွေရရင် ကျုပ်တို့ဖခင်နှင့်လူကြီးစောင့်ရှောက်ရေးရန်ပုံငွေ ခိုင်ပြီပေါ့ဗျာ၊ ဟုတ်ဘူးလား"

"သိပ်ဟုတ်"

တညီတညာတည်းသောအသံက လျှံတက်နေသည်။ အတန်ကြာမှ သို့သူအောင်က ဝမ်းသာလုံးဆို့နေသော အသံဖြင့်

"ကဲ ဒါဖြင့်ရန်ပုံငွေလည်း ခိုင်ပြီဆိုတော့ ဖခင်နဲ့လူကြီးအဖွဲ့ ဖွဲ့စည်းဖို့ပဲ လိုတော့တယ်"

သူ့စကားကို ကိုမျိုး(မြန်မာစာ)က

"ဟုတ်တယ်၊ အဖွဲ့အစည်းဖွဲ့တယ်ဆိုတာ စည်းကမ်းတော့ လိုတာပေါ့၊ ဘယ်လိုစည်းကမ်းထုတ်မလဲ၊ အဖွဲ့ဝင်တွေကို"

သူ့စကားကို အောင်စိုးသူက

"ဟာ ဒါများ လွယ်လွယ်လေးကွာ၊ ဖခင်ဖြစ်ရမယ်၊ လူကြီးဖြစ်ရမယ်၊ ဒါပဲပေါ့"

"ဟမ်"

အောင်စိုးသူစကားကြောင့် ကျွန်တော်ကြောင်သွားသည်။ နောက်မှ သတိရပြီး

"မ မဟုတ်သေးဘူးလေဗျာ၊ ဖခင်နဲ့လူကြီးဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်သီဟက စကားမဆုံးခင်

"နာမည်အတိုင်း ဖခင်ဖြစ်ရမယ်၊ လူကြီးဖြစ်ရမယ် မဟုတ်လား၊ ဒါနဲ့ စကားမစပ် ကိုကြည်၊ ခင်ဗျား ဖခင်ဖြစ်ပြီလား"

ကျုပ်တို့
စည်းကမ်းချက်နဲ့
ခင်ဗျား
ဘောင်မဝင်ဘူး၊
ဒါကြောင့် ကျုပ်တို့ရဲ့
ဖခင်နဲ့လူကြီး
မြင့်မြတ်တဲ့အသင်းသား
ခင်ဗျားမဖြစ်နိုင်ဘူး၊

သူ့စကားကို ကျွန်တော်က

"ဟာ ဘယ့်နှယ်ဖခင်ဖြစ်ရမှာလဲ၊ အိမ်ထောင်မှ မကျသေးတာ၊ ဘယ်ဖခင်က ဖြစ်မှာလဲ"

"ဒါဖြင့် လူကြီးရော ဖြစ်ပြီလား"

"ဟာ အခုမှ လေးဆယ်ထဲဝင်တာ၊ လူကြီးက ဘယ်လိုဖြစ်ဦးမှာလဲ"

"အေး ဒါဖြင့် ကျုပ်တို့စည်းကမ်းချက်နဲ့ ခင်ဗျား ဘောင်မဝင်ဘူး၊ ဒါကြောင့် ကျုပ်တို့ရဲ့ ဖခင်နဲ့လူကြီး မြင့်မြတ်တဲ့အသင်းသား ခင်ဗျားမဖြစ်နိုင်ဘူး၊ ဒါပဲ ကန့်ကွက်မယ့်သူရှိလား"

"မရှိ"

အားလုံး တညီတညာတည်း ထွက်လာ၏။

"မဟုတ်သေးဘူးလေ၊ ဒီအကြံက ကျွန်တော့်အကြံ"

ကျွန်တော့်စကားကို ကိုသျှိက သူ့ရဲ့ဘိုကေကို သလိုက်ပြီး

"အေး ဒီအကြံက မင်းဦးတော့ မင်းအကြံ၊ ဒါပေမယ့် ငါဦးရင်လည်း ငါ့အကြံဖြစ်





မှာပဲ ဘာမှအထင်ကြီးစရာမရှိဘူး"

ဆိုကာ သူတို့အချင်းချင်း ခေါင်းချင်းစု၍

"ဒါဖြင့် ဖခင်နဲ့လူကြီးမှာ ငါက ဥက္ကဋ္ဌလုပ်မယ်၊ မိန်းမနှစ်ယောက်ရှိတာ ငါပဲရှိတာ"

"ဒါဖြင့် ငါက အတွင်းရေးမှူးပေါ့ကွ၊ ဖခင်ရောလူကြီးရော စစ်စစ်ဖြစ်တာ ငါရှိတာ"

"ငါက နာယကကွ၊ နာနာဘာဝကို ယပက်လက်ပုံပြောင်းပြီး ကျအောင်ကခဲ့တာ"

စသည်ဖြင့် ဖခင်နှင့်လူကြီးများ တာဝန်ခွဲယူကြရာ ဖခင်လည်းမဖြစ်၊ လူကြီးလည်း မဖြစ်ရရှာသော ကျွန်တော့်မှာ သူတို့စကားဝိုင်းထဲလည်းဝင်ရန် မစွမ်းသာ။ ကိုယ်ပေးသောအကြံဖြင့်သာ ခပ်ဝေးဝေးက လွမ်းရရှာသည်။

ကြာတော့လည်း သည်းမခံနိုင်တော့။

"နေပေါ့ကွာ၊ ငါ့ဘာငါ အေးအေးဆေးဆေးပဲ တစ်ကိုယ်တည်းနေတော့မယ်"

ဆိုကာ အိမ်သို့ ပြန်ရရှာသည်။

အိမ်ပြန်တော့လည်း အိမ်မှာ တစ်ယောက်တည်း ပျင်းနေမည့်အရေးကို တွေးမိပြီး ရင်လေးပြန်သည်။

အိမ်မှာက အဖော်မရှိ ဘာမရှိနှင့်မို့ ဘယ်လိုမှနေပျော်မည်မဟုတ်။ ထို့ကြောင့်

"ထူးပါဘူး၊ မြို့ထဲကသွားနေကျ စင်တင်လေးပဲ လူလစ်တုန်းခိုးသွားဦးမှ"

ဟူသောစိတ်ကူးပေါက်ကာ စင်တင်သို့ ဝင်မိသည်။

နောက် မည်သူမှမမြင်အောင် ချောင်အကျဆုံးစားပွဲဝိုင်းဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ရွေးထိုင်လိုက်သည်။

"ဆရာ အနီပဲလား"

စားပွဲထိုးလေးအမေးကို

"လုပ်ကွာ၊ မြေပဲတစ်ပွဲပါချ"

မှာပြီးသည်နှင့် အဖြစ်အပျက်များ ပြန်စဉ်းစားမိသည်။

အကြံဉာဏ်ပေးတာကကိုယ်၊ ကောင်းစားတော့သူတို့၊ ဘယ်လိုမှ ဖြေဆယ်မရ။

ကျွန်တော့်ဖြစ်အင်က ရွာတစ်ရွာရဲ့ တံတားပြုပြင်ထိန်းသိမ်းဖို့ ဖွဲ့တဲ့အဖွဲ့လို ဖြစ်နေသည်။

× × ×







တစ်ခါက ရွာတစ်ရွာမှာ ထိုးထားတဲ့ တံတားအပျက်အစီးများနဲ့ ကြုံသတဲ့။

ဒါကြောင့် တံတားကို ပြုပြင်ထိန်းသိမ်းရန် တိုင်ပင်ကြသည်။

"ဒီတံတားက ရွာအတွက်၊ အရေးကြီးတဲ့တံတားမို့၊ ပြုပြင်ထိန်းသိမ်းဖို့လိုမယ်၊ ဒီတံတားလေးတစ်ခုခုဖြစ်သွားရင် တို့ရွာရဲ့ လမ်းပန်းဆက်သွယ်ရေး ဆိုးသွားနိုင်တယ်၊ ဒါကြောင့် ဒီတံတားကို စောင့်ကြပ်ဖို့နဲ့ပြုပြင်ဖို့ လူတစ်ယောက် ခန့်ထားဖို့လိုမယ်"

လူကြီးတစ်ဦးက အကြံပြုသည်။ ဒါကို နောက်တစ်ဦးက



www.burmeseclassic.com

"ဒါ အမှန်ပါပဲ၊ ဒါဆိုရင် တံတားကို စောင့်ရှောက်ဖို့ရော ပြုပြင်ဖို့ရောဆို ပန်းရံလက်သမားပါ နည်းနည်းတတ်တဲ့ မောင်ကြည်ကိုခန့်လိုက်"

> မောင်ကြည်ကို လခပေးဖို့နဲ့ တံတားပြုပြင်ဖို့ တံတားဟိုဖက်ဒီဖက် အလှူခံ နှစ်ဌာနလောက် ဖွင့်လိုက်၊

အားလုံးက သဘောတူကြသည်။ ဒါကို တစ်ယောက်က မျက်မှောင်ကြုတ်ပြီး

"နေဦး၊ မောင်ကြည်ကိုခန့်တာတော့ ဟုတ်ပြီ၊ ဒါပေမယ့် အလကားတော့ ခန့်လို့မရဘူးနော်၊ သူ့ကို လခပေးဖို့လည်း လိုတာပေါ့"

သူ့စကားကို နောက်တစ်ယောက်က

"ဒါလည်းဟုတ်တာပဲ၊ ဒါဖြင့် ဒီလိုလုပ်၊ မောင်ကြည်ကို လခပေးဖို့နဲ့ တံတားပြုပြင်ဖို့ တံတားဟိုဖက်ဒီဖက် အလှူခံနှစ်ဌာနလောက် ဖွင့်လိုက်၊ အလှူခံနှစ်ယောက် ထားလိုက်ပေါ့ဗျာ ဟုတ်ဘူးလား"

ခေါင်းညိတ်ကြပြန်သည်။

ငွေရေး ကြေးရေးပါလာတော့ အားလုံး ပိုစိတ်ဝင်စားလာကြသည်။ ထို့ကြောင့်

"ဒါနဲ့ နေပါဦးဗျ၊ အလှူခံဌာနတွေ ဖွင့်ပြီး အလှူခံတာတော့ ဟုတ်ပြီ၊ အဲဒီအလှူငွေတွေကိုအပ်ထားဖို့ ဘဏ္ဍာရေးမှူးရော မလိုဘူးလားဗျာ၊ ဒါမှ ငွေတွေကို မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်မှာ မဟုတ်ဘူး





လား"

အားလုံး သဘောတူပြန်သည်။ ထို့ကြောင့်

"ဒါဖြင့်လည်း ဘဏ္ဍာရေးမှူးတစ်ယောက်ခန့်ပေါ့ဗျာ၊ ကဲ ပြီးပြီလား"

အစည်းအဝေးပြီးလုပြီးခင်မှာပင် တစ်ယောက်က

"နေဦးဗျ၊ ဘဏ္ဍာရေးမှူးကြီးပဲ ရှိနေလို့ ဘယ်ဖြစ်မှာလဲ၊ ဘဏ္ဍာရေးမှူးက အလှူခံနဲ့ပေါင်းပြီး ငွေတွေဘုန်းရင် ဘယ့်နှယ်လုပ်မလဲ"

"ဒါဆို"

"စာရင်းကိုင်လည်း လိုတာပေါ့ဗျာ၊ ဟုတ်ဘူးလား"

ခေါင်းညိတ်ကြပြန်သည်။

"ဒါဆို စာရင်းကိုင်တစ်ယောက် ထပ်တိုးပေါ့ဗျာ၊ ပြီးပြီလား"

"မပြီးသေးဘူး၊ မပြီးသေးဘူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းကိုင်၊ အလှူခံဌာနရှိရုံနဲ့ ဘယ်ဖြစ်ပါ့မလဲ၊ ဒီစာရင်းတွေ မှန်,မမှန်စစ်ဖို့ စာရင်းစစ်လည်း လိုတာပဲ"

"ဟုတ်ပါ့၊ အဲဒါကိုမေ့နေတာ၊ စာရင်းမစစ်ရင် သူတို့ ထင်သလိုလုပ်သွားမှာပေါ့၊ ဒါကြောင့် စာရင်းစစ်ဖို့လိုတယ်"

အားလုံးထောက်ခံကြပြန်သည်။ တစ်ယောက်က

"ဒါဆို စာရင်းစစ်က လူအများကြီးကို စစ်ရမှာဆိုတော့ တစ်ယောက်တည်းတော့ မဖြစ်ဘူး၊ နှစ်ယောက်မှ ဖြစ်တော့မယ်"

"ဒါပေါ့ နေ့စဉ်ဝင်ငွေတွေ အစအဆုံးစစ်ရမှာဆိုတော့ နှစ်ယောက်မှ ဖြစ်မှာပေါ့"

"နေဦး၊ ခင်ဗျားတို့ပြောမှ သတိရတယ်၊ စာရင်းစစ်တွေက ညစ်ပြီး နေ့စဉ်အလှူခံဌာနကို ဝင်စစ်နေတာတို့၊ ဘဏ္ဍာရေးမှူးတို့ စာရင်းကိုင်တို့ကို စာရင်းတောင်းနေတာတို့ဖြစ်ရင် ဘယ်လိုလုပ်မလဲ ဒီတော့ ဘယ်အချိန်မှာ စာရင်းစစ်၊ ဘယ်အချိန်မှာ မစစ်ရဦးမည်



www.burmeseclassic.com

www.burmeseclassic.com



“တံတားစောင့်မယ့် မောင်ကြည်ကို ဖြုတ်လိုက်၊ သူက အလုပ်မှ မလုပ်ရသေးတာ”

ဖြင့် ညွှန်ကြားဖို့ ညွှန်ကြားရေးမှူးရော မလိုဘူးလား”

အားလုံးခေါင်းညိတ်ပြန်သည်။

“ဟား ဟုတ်တာပေါ့ဗျာ၊ ညွှန်ကြားရေးမှူးက လိုကိုလိုပြီ၊ အဖွဲ့အစည်းက ကြီးပြီလေ”

“ဒါနဲ့ အဖွဲ့အစည်းက ကြီးပြီဆိုတော့ ညွှန်ကြားရေးမှူးနဲ့ကို မလုံလောက်ဘူး၊ အုပ်ချုပ်ရေးမှူးလိုပြီ၊ ဒါမှ အားလုံးကို ဟန်ချက်ညီညီ အုပ်ချုပ်နိုင်မှာ”

“ဒါပေါ့ဗျ၊ အားလုံးကို အုပ်ချုပ်ဖို့ အုပ်ချုပ်ရေးမှူးရှိမှကို ဖြစ်မှာ”

ဒါကို နောက်တစ်ယောက်က

“အုပ်ချုပ်ရေးမှူးရှိရုံနဲ့လည်း မပြီးဘူးဗျ၊ အုပ်ချုပ်ရေးမှူးကို ဝေဖန်အကြံပြုနိုင်တဲ့ နာယကလည်း နှစ်ယောက်လောက် လိုတယ်ဗျနော်၊ ဒီတော့မှ မယိမ်းမယိုင် ခိုင်မြဲမှာ”

အားလုံး ထောက်ခံကြပြန်သည်။

“မှန်တယ်၊ နာယက နှစ်ယောက်တော့ လိုတာပဲ၊ ဒါမှ အားလုံးကို ဝေဖန်ထောက်ပြနိုင်မှာ”

အားလုံး သဘောတူကြပြန်သည်။

“ကဲ ဒါဖြင့် ရွာဦးတံတားကလေး ပြုပြင်ထိန်းသိမ်းရေးအတွက် အစည်းအဝေး





က ပြီးပြီထင်တယ်၊ အစည်းအဝေးကို ရုပ်သိမ်း”

“နေဦးဗျ”

တစ်ယောက်က ထလာပြန်သည်။

“အဖွဲ့အစည်းကတော့ ဖွဲ့စည်းပုံ ခိုင်မာမှန်ကန်ပါတယ်၊ ဒါပေမယ့် ပြန်စဉ်းစားပါဦး၊ တံတားလေးက ပေနှစ်ဆယ်ကျော်တံတားလေး၊ တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့က နှစ် လေး ရှစ် ဆယ့်တစ်ယောက်ဆိုတော့ လူက နည်းနည်းပိုများတယ် မထင်ရဘူးလား မသကာဆယ်ယောက်အတိဆိုလည်း အတိပေါ့”

“အေး ဟုတ်သား၊ တစ်ယောက်ပိုနေတယ်ကွ၊ ဒါတော့ မကောင်းဘူး”

အားလုံးဆင်ခြင်မိကြပြန်သည်။

“အားလုံးကလည်း သူ့နေရာနဲ့သူ အံကျဆိုတော့ ဖြုတ်ရခက်တယ်”

“ဖွဲ့စည်းထားတဲ့အဖွဲ့ကိုက ခိုင်မာတော့ ယိုပေါက်ကို မတွေ့ဘူး၊ စာရင်းစစ်ဖြုတ်ရင် စာရင်းကိုင်နဲ့ ဘဏ္ဍာရေးမှူး စိတ်မချရဘူး၊ ညွှန်ကြားရေးမှူးဖြုတ်ရင်လည်း စာရင်းစစ်က ဒုက္ခပေးမှာ၊ အိုက္ခာနာယကအထိ အသုံးဝင်နေတော့ ခက်တယ်”

အားလုံး အကြပ်ရိုက်ကုန်၏။ အတန်ကြာမှ တစ်ယောက်က

“ဒီလိုလုပ်”

အားလုံးစိတ်ဝင်စားသွားကြသည်။

“တံတားစောင့်မယ့် မောင်ကြည်ကိုဖြုတ်လိုက်၊ သူက အလုပ်မှ မလုပ်ရသေးတာ”

အားလုံးမျက်နှာ ဝင်းလက်သွားသည်။

“အေး ဟုတ်တယ်၊ တံတားစောင့်မောင်ကြည်ကိုဖြုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးနေတဲ့ဟာကို”

“မှန်ပါ့၊ ဒါဆို ဖွဲ့စည်းပုံက ဆယ်ယောက်ကွက်တိ၊ ဒါကြောင့် မောင်ကြည်ကိုဖြုတ်”

ဩော် အစည်းအဝေးစတုန်းက တံတားပြုပြင်ထိန်းသိမ်းရန် အလို့ငှာ ဟိုစပ်စပ်ဒီစပ်စပ်တတ်သော မောင်ကြည်ကိုခန့်၍။

အစည်း အဝေးလည်းပြီး၊ ကော်မတီလည်း ခိုင်မာရော မောင်ကြည်ပြုတ်ပြီ။

× × ×







ကျွန်တော့်အဖြစ်ကလည်း ထိုတံတားပုံပြင်လို ဖြစ်နေ၏။ စတုန်းက ကိုယ်အလုပ်ရဖို့ ခွင်တည့်ဖို့စတာ။ ပြီးတော့ ကျွန်တော် ပြုတ်ပြီ။

တွေးလေ တွေးလေ၊ ရတက်မအေးရလေ ဖြစ်လာသည်။ ဒီလိုနှင့် ‘ရင်လေးတယ်’အကြောင်းပြပြီး ဖိတွယ်နေသော အရှေ့က အနီကလေးမှာ တဖြည်းဖြည်း ကျိုးကျလာသည်။

ခေါင်းထဲမှာလည်း ရီတီတီနှင့်မို့ မြင်မြင်သမျှ လှုလှသည်။ မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



အစပိုင်းမှာ ကျွန်တော် ကိုယ့်အကြောင်းကိုယ် တင်ပြခဲ့ပြီးဖြစ်၍ မိတ်ဆွေလည်း အနည်းငယ် ရိပ်မိနေမည် ထင်ပါသည်။

ညနေငါးနာရီထိုးသည်နှင့် ဂျိုကာသုံးကောင်ကိုင်၍ စောင့်နေသောဖဲသမားလို ဘာလာလာဒေါင်းသော ကျွန်တော့်မှာ အနီရေကလေးဝင်သည်နှင့် ဆွဲဖဲနှင့်ပင် ဒေါင်းသည်မဟုတ်ဘဲ သူများမလို၍ ပစ်လိုက်သော ပစ်ဖဲနှင့်ပဲ ဒေါင်းချင်စိတ်များ တဖွားဖွားပေါ်လာရလေသည်။

မုဆိုးမပစ်ပစ်၊ တစ်ခုလပ်ပစ်ပစ်၊ ဒေါင်းပစ်ရန်အဆင်သင့်။ စိတ်ရာသီဥတုက တိန်တိန်မြည်ပြီ။

ဤကဲ့သို့ အခြေအနေမျိုး၌ မိတ်ဆွေများလည်း ရိပ်မိပေလိမ့်ပါမည်။

အသံက ဆူညံညံ။

မီးရောင်က လင်းတစ်ချက် ကွက်တစ်လှည့်၊ စင်ပေါ်မှာ ဘာဆိုမှန်းမသိဘဲ ထွန့်ထွန့်လူးနေသော ဆတ်ဆလူးလေးတွေက မြင်မြင်သမျှ လှကာနေတော့သည်။ မလှလည်း လှလာတော့၏။

တစ်ယောက်ကြည့်လည်းလှ၊ နှစ်ယောက်ကြည့်လည်းလှနှင့် ဆတ်ဆလူးမတစ်သင်းကို ပန်းကုံးတွေခင်းရလျှင် အင်း ဘယ်သင်းမှ မကျန်အောင် ပြောင်ရယောင်ရပေတော့မည်။ အမွှေမက အမွှေးပင် ကျန်မည်မဟုတ်။

ထို့ကြောင့် မှုးနေသည့်ကြားက ကပ်ပါနေသော မျက်လုံးကို ဖြဲရဲရှာ။

"ဟိုလုံးကြီးပေါက်လှဆို မဆိုးဘူး"

"ဟိုပိန်ကပ်ကပ်ကလေးကတစ်မျိုး"

စသည်ဖြင့် ဟာသမဟုတ်လျှင် ရာဂသာထွက်တတ်သော ခေါင်းက ပြောင်းဆန်နေရရှာလေတော့သည်။





နောက်မှ တင်းနေသောစိတ်ကို အနည်းငယ်လျော့လို့။

မောင်ကြည် ဒါပြီးရင် Nonstop အစီအစဉ်လာလိမ့်မယ်၊ အဲဒီကျရင် ဆိုင်ရှိမဒီအကုန် စင်ပေါ်တက်ပြီး နန့်ကျောဆွဲကြမှာ၊ အဲဒီကျမှ အားလုံးနဲ့ နှိုင်းယှဉ်ပြီး အပီဆုံး မဒီကို ပန်းကုံးအပြိုင်ချ။

သိပ်မကြာပါ။ မျှော်လင့်စောင့်စားနေသော Nonstop အချိန်ကျသည်နှင့် စင်ပေါ်သို့ ဆတ်ဆလူးမတစ်သင်း နန့်ကျောဆွဲခြင်းဟူသော အကအလှများနှင့် တင်ပြနေချိန်တော့။

"အေး ငါထင်တဲ့ ဟိုမဒီကလေးက မဆိုးဘူးဟ"

ဟူ၍ အမြင်ပေါက်ပြီး စားပွဲထိုးလေးကို တပွတ်ပွတ်နဲ့ခေါ်ပြီး

"အဲ ဟိုဟာလေးကို ပန်းခွေနှစ်ခွေ၊ အဲလေ ပန်းကုံးနှစ်ကုံး ချပေးစမ်း၊ ပြီးရင် စကားပြောမယ်လို့"

"ဟုတ်ကဲ့ ဆရာ"

ပန်းကုံးတစ်ကုံး ငါးထောင်၊ နှစ်ကုံးဆိုတော့ တစ်သောင်း၊ ဩော် ဒါမျိုး ပုရိသများလက်က လွယ်လိုက်တာ ပက်ခနဲကို ထွက်တော့တာ။ ကိုယ်တွေ့ကိုး ပရိသတ်ရဲ့။

စင်ပေါ်မှာ ပန်းကုံးချမယ့် မဒီ

"ကျွန်တော်လည်း ပန်းကုံးချပြီးပဲဆရာ၊ ဟိုနားကလူကြီးက အဲဒီပိုက်ဆံ သုံ့ပုံးထဲထည့်ပြီး၊ ဆရာပြောရင် လက်ညှိုးထိုးပြပါ ဆိုလို့ပါဆရာ"



www.burmeseclassic.com

www.burmeseclassic.com



လေးကို မီးလောင်လွယ်သည့် တဗျာ(၁၆၀၀)အင်အားနဲ့ ခေါ်တော ရှိုးရှိုးနေလိုက်ရတာ မီးပင် ပွင့်မတတ်။

"စကားပြောပြီး စကောပြားပြီသာမှတ်"

စိတ်ထဲကြိမ်းဝါးပြီး ထွန့်ထွန့်တွေ လူးနေမိသည်။

ဤသို့ဖြင့် Nonstop အစီအစဉ်ပြီးသည်အထိ ချခိုင်းလိုက်သော ပန်းကုံးကို စားပွဲထိုးမှာ တက်စွပ်သည်မမြင်ရ၍ ပြွတ်ပြွတ်လုပ်ရပြန်သည်။ စားပွဲထိုးလေးအနားလာတော့ နားရွက်ဆွဲပြီး

"ဟေ့ကောင် မင်းကို ပန်းကုံးချခိုင်းတာ ဘယ်မှာလဲကွ၊ ဟေ"

စားပွဲထိုးလေးက ရိုသေစွာဖြင့်

"ကျွန်တော်လည်း ပန်းကုံးချဖို့ပဲဆရာ၊ ဟိုနားကလူကြီးက အဲဒီပိုက်ဆံ သူ့ပုံးထဲထည့်ပါ၊ ဆရာပြောရင် လက်ညှိုးထိုးပြပါဆိုလို့ပါဆရာ"

မျက်လုံးပြူးသွားရသည်။ ထို့ကြောင့်

"ဟင် ဘယ်လို ဘယ်သူ"

စားပွဲထိုးလေးက အမှောင်ရိပ်ထဲ လက်ညှိုးညွှန်ပြရင်း

"ဟိုမှာဆရာ"

အလန့်တကြားကြည့်လိုက်တော့

"ကျော်သီဟ"

လည်ပင်းမှာ ပုံးတစ်လုံးလွယ်ထားသည်။ ထိုပုံးတွင် ရေးထားသည်က

"ဖခင်နှင့်လူကြီးစောင့်ရှောက်ရေးရန်ပုံငွေ"

သူက ကျွန်တော့်ကို ပြုံးစစကြည့်ရင်း

"နှစ်ကုံးလောက် ထပ်လုပ်လိုက်လေ ကိုကြည်၊ ခင်ဗျားတို့လို ငယ်ဖြူနှာဘူးတွေ ပန်းကုံးများများချမှ ကျုပ်တို့ရန်ပုံငွေလည်း ပိုခိုင်





မာမှာ"

"တောက်"

တောက်သာခတ်မိတော့သည်။

စဉ်းစားကြည့်လေ။

ကျွန်တော့်အဖြစ်က ရှာကတံတားစောင့်လိုတောင်မဟုတ်။ တံတားဖြတ်တိုင်း ကိုယ်က ငွေပြန်ပေးနေရတာ။

ဆိုးပါတယ်။

× × ×



www.burmeseclassic.com

www.burmeseclassic.com





ကောင်းတော့ကောင်းပါတယ်။

အဲဒီထဲက ကျုပ်လည်း စင်တင်တကြောပြတ်သွားတာ။

ကောင်မလေးတွေကို မချစ်ခင်မနှစ်သက်လို့ မဟုတ်။ သင်းတို့ကို ရန်ပုံငွေမထည့်ချင်တာ။ ဒါနဲ့ပဲ စင်တင်ဘက် ခြေဦးမလှည့်ဖြစ်တော့ပါဘူး။

သူတို့အဖွဲ့ကလည်း သစ္စာရှိစွာဖြင့်

"ဖခင်လည်း ငါတို့၊ လူကြီးလည်း ငါတို့"

ဆိုသောရည်ရွယ်ချက်ဖြင့် သောက်စားမူးယစ်နေကြတာ ရန်





ပုံငွေလည်းကုန်၊ အဖွဲ့လည်းကွဲမလိုဖြစ်၊ ဒီလိုနဲ့ ကျွန်တော့်ဆီပဲ ပြန်ဦးတည်လာကြပြန်သည်။

ကျွန်တော်ကလည်း အလကား ငွေရပေါက်ချောင်နေသော တစ်ရှူးဂျာနယ် အကောင်အထည်ဖော်ရန် ဤမသူတော်တစ်သင်းအား ပေါင်းသင်းမှုကို ဖြစ်ဦးမှာမို့ သူတို့ရှိရာ ချီတက်ရလေသည်။

သည်တစ်ခါတွေ့တာက ကာရာအိုကေဆိုင်မှာ။ အပြင်မှာစကားပြောပါက ပေါက်ကြားသွားမည်စိုး၍ ကာရာအိုကေဆိုင်ထဲ အခန်းတစ်ခန်းယူပြီး သီချင်းကိုမဆိုဘဲ ရှေ့ရေးကို ကြိတ်ဆွေးနွေးနေမိသည်။

"ငါတို့အသင်းက မအောင်မြင်ဘူးကွ၊ နောက်ကျတော့ စင်တင်မှာ ငါတို့ကိုမြင်တိုင်း ဘယ်သူမှ ပန်းကုံးမချကြတော့ဘူး၊ မျိုးကိုမျိုးတို့ ဇော်သက်ထွေးတို့ကအစ လူလည်တွေဖြစ်ကုန်ပြီကွ၊ ငါတို့ကိုမြင်တာနဲ့ စင်တင်ကနေ ကာရာအိုကေပြောင်းပြီး သီချင်းသွားဆိုချင်ယောင်ဆောင်နေတော့တာ"

"အေးကွာ၊ မင်းတို့လို ဗီဘိန္နာဘူးတွေကအစ စင်တင်မှာမထိုင်တော့ တို့အသင်းလည်း ရန်ပုံငွေပါးသွားတာပေါ့ကွာ၊ မင်းတို့ရှိရင် ငါတို့ကြီးပွားဦးမှာ"

ဩော် သူတို့ကြီးပွားအောင် ကိုယ်ကပဲ အနစ်နာခံစင်တင်သွားပေးရဦးမလို။

"အမှန်အတိုင်းပြောရရင် ကိုယ့်အရက်ကိုယ်ဝယ်သောက်ရတာ ပင်ပန်းလွန်းပါပြီကွာ"

သျှိသူအောင်စကား။

ကိုယ်ကြိုက်တဲ့အရက်တောင် ကိုယ်ဝယ်မသောက်ချင်ရှာလောက်အောင်ကို ကိုယ့်ကိုယ်ကို စေတနာနည်းတာ။

"ဒီလိုလုပ်"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတွေစုကပ်ကုန်၏။

ကျွန်တော်က ပေါက်ကရအကြံ ဉာဏ်တွေ ထွက်တတ်တာကိုး။ ဒါကိုတော့ ယုံကြသည်။

"ခင်ဗျားတို့အားလုံးကို အင်မတန် ကောင်းတဲ့အကြံတစ်ခု ပေးမယ်"

"တကယ်လား"

အောင်စိုးသူက ဝမ်းခေါင်းသံကြီး နှင့်ပြောသည်။

ကျွန်တော်က ဆက်၍

"ဒါပေမယ့် အဲဒီအကြံအတွက် ခင်ဗျားတို့ ကျုပ်ထုတ်မယ့် တစ်ရှူးဂျာနယ် မှာ ပြန်ပြီးအလုပ်ဝင်ပေးရမယ်"

''မင်း တစ်ရှူး ဂျာနယ်မှာ ဆောင်းပါးရေးပြီး ငါ့စာပေကို လက်သုတ် အဖြစ်မခံဘူး ဟောကောင်''

ကပ်နေသောခေါင်းများ ပြန်ကွာ ကုန်၏။

ပြီးနောက် မျက်နှာရှုံ့မဲ့ရင်း

"မင်းတစ်ရှူးဂျာနယ်မှာ ဆောင်းပါး ရေးပြီး ငါ့စာပေကို လက်သုတ်အဖြစ်မခံ ဘူးဟောကောင်"

"ငါ့ရဲ့လှပသော ပုံများဖြင့် မင်း ဂျာနယ်မှာ နှပ်အသုတ်မခံဘူး၊ ဒါပဲ"

"ငါ့ရဲ့အဖိုးတန်သတင်းကို မည် သည့်ထမင်းစားပွဲပေါ်မှ မရောက်စေရ"

စသည်ဖြင့် အသံများလျှံထွက်လာ သည်။





ကျွန်တော်က လက်ကာပြပြီး

"အဲဒီလိုစာပေတွေ၊ သတင်းတွေ ဓာတ်ပုံတွေ မထည့်ချင် လည်း ရတယ်၊ ကျန်တဲ့နေရာက တာဝန်ယူပေး"

အားလုံး မျက်မှောင်ကြုတ်သွားသည်။

"ကျန်တဲ့နေရာက"

ကျော်သီဟက မေးသည်။ လွမ်းဝေနိုင်က

"ဘယ်နေရာကျန်သေးလို့လဲ၊ စာမရေးရ သတင်းမထည့်ရ ရင် ဘယ်နေရာကျန်မှာလဲ"

ကျွန်တော်က ပြုံးပြီး

"လာမယ်လေ၊ နေရာတွေရှိတယ်၊ ကဲ ကျွန်တော့်အကြံကို ယူပြီး ကျွန်တော့်တစ်ရှူးဂျာနယ်ကို ကူမလား၊ ဒါပဲပြော"

အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ နောက်မှ ခပ်ပြတ်ပြတ် အောင်စိုးသူက

"လုပ်ကွာ၊ စာမရေးရရင် စာပြင်တာတို့ စာရိုက်တာတို့ပဲ ရှိတာပဲ လုပ်မယ်"

"ဟုတ်တယ်၊ ဒါတွေပဲကျန်တာပဲ၊ လုပ်မယ်ကွာ၊ မင်းအကြံ သာပြော"

ခေါင်းတွေ ပြန်စုကပ်ကုန်၏။ ကျွန်တော်က

"သာရေးကူညီမှုအသင်းထောင်မယ်"

"ဟမ်"

"ဘယ်လို"

"ဘာကူညီမှု"

အားလုံးကြောင်ကုန်၏။

ကျွန်တော်ကသာ တစ်လုံးချင်းဖြင့်

"သာရေးကူညီမှုအသင်း"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားလည်းကြားရော အားလုံး မျက်မှောင်ကြုတ်သွားကြသည်။

အတန်ကြာမှ အောင်စိုးသူက

"ဘာလဲ သာရေးကူညီမှုအသင်း"

ကျွန်တော်က အားလုံးကိုပြုံးကြည့်ပြီး

"ဒီလိုလေဗျာ၊ ကိုကျော်သူတို့ အစ်မကြီးသန်းမြင့်အောင်တို့ နာရေးကူညီမှုအသင်း ထောင်တယ်မဟုတ်လား"

"အေးလေကွာ၊ နာရေးတွေဖြစ်တိုင်း ကူညီပေးနေတဲ့ အသင်းလေ"

ကိုမျိုးကထောက်သည်။ ကျွန်တော်က ဆက်ပြီး

"အဲဒီအကြံက တုံးတယ်၊ နောက်ပြီး ကိုယ့်အတွက်လည်း မကျန်ဘူး၊ ကျွန်တော့်အကြံက အကုန်ကိုယ်အသာချည်းပဲ၊ ကိုယ့်အတွက်လည်း ကျန်မယ်၊ ခိုင်မယ်"

ကျွန်တော့်စကားကြောင့် အားလုံး မျက်လုံးအရောင်လက်ကုန်၏။ ရှိရင်းစွဲကလည်း ကျွန်တော့်လို ခပ်ချောင်ချောင်သမားချည်းမို့ စိတ်ဝင်စားသွားကြသည်။

"မင်းရဲ့ သာရေးလုပ်ဆောင်ချက်က"

လွှမ်းဝေနိုင်မေးပြီ။

"အသင်းရဲ့နာမည်အတိုင်း အလှူ

"အသင်းရဲ့ နာမည်အတိုင်း အလှူမင်္ဂလာဆောင်၊ မွေးနေ့ပွဲ၊ စသည်ဖြင့် သာရေးနဲ့ပတ်သက်သမျှ ပွဲတိုင်းကိုဖိတ်၊ ကျွန်တော်တို့ သာရေးအသင်းသားတွေဝိုင်းပျော်ပေးမယ်"





မင်္ဂလာဆောင်၊ မွေးနေ့ပွဲ၊ စသည်ဖြင့် သာရေးနဲ့ ပတ်သက်သမျှ ပွဲတိုင်းကိုဖိတ်၊ ကျွန်တော်တို့ သာရေးအသင်းသားတွေ ဝိုင်းပျော်ပေးမယ်"

"ငါကိုယ်တိုင် ကမယ်ဟေ့"

ကျော်သီဟက ချက်ချင်းပျော်သည်။

"သာရေးနဲ့ပတ်သက်တဲ့ ဘာပွဲပဲဖိတ်ဖိတ် သွားမယ် စားမယ်"

"တောက် ဒီအချက်နဲ့တင် ငါတို့ သာရေးကူညီမှုအသင်း အောင်မြင်ပြီ"

လွှမ်းဝေနိုင်က ထောက်ခံသည်။

"ဒါတင် ဘယ်ကမလဲ၊ ရုပ်ရှင်ကားမကောင်းလို့ လူမဝင်ရင် ကျုပ်တို့ကိုဖိတ် အလကားကြည့်ရှုစောင်မပေးမယ်၊ ဇာတ်ပွဲတွေ လူမစည်ရင်လည်း လူစည်အောင် ကိုယ်တိုင်ကိုယ်ကျ ဝင်ကပေးမယ်၊ ပြီးရင် ပိုက်ဆံကိုယ်ယူမယ်"

"ကိုယ်အသာချည်းပါလားဟေ့"

သျှီသူအောင် ဝမ်းခေါင်းသံကြီးပါ ထွက်လာ၏။ နောက် ကိုမျိုးက မျက်မှောင်ကြုတ်ပြီး

"အားလုံး ကိုယ်အသာချည်းကတော့ ဟုတ်ပြီ၊ ရန်ပုံငွေကရော ဘယ်လိုရှာမလဲ"

ကျွန်တော်ပြုံးရင်း

"ကိုယ်အသာချည်းပဲ"

"ဘယ်လို"

အောင်စိုးသူမေးသည်။

"အရင်နည်းအတိုင်းပေါ့ဗျာ၊ အခုဆိုရင် မျိုးကိုမျိုးတို့ ကော သက်ထွေးတို့အပါအဝင် နာမည်ပြောလို့မရတဲ့ မာဂျေတို့ ပ[illegible]တို့က အစ စာနယ်ဇင်းဆရာကြီးတွေကိုယ်တိုင် တနင်္လာနေ့ဆို [illegible]စုပြီး ကာ



www.burmeseclassic.com

www.burmeseclassic.com



ရာအိုကေ ရွေ့နေကြပြီလေ"

"တယ်တိကျပါလား"

"လေ့လာအားကောင်းချက်"

ကျွန်တော့်စကားကို အားလုံး တအံ့တသြ ဖြစ်ကုန်သည်။

"အဲဒီလို အစုလိုက်အပြုံလိုက်ကို ကာရာအိုကေ ရောက်နေကြတော့ကာ"

"ပေါက်သွားပြီ"

ပြောလည်းပြော ကျော်သီဟက ထောင့်ကပ်ထားသော အလှူခံပုံး ပြေးမသည်။

"ဒါပဲပေါ့ အလှူငွေဆိုတာ ဟောခနဲ ဟောခနဲ ရမှာ၊ ဘယ်သူမှ နာမည်အပျက်ခံပြီး မထည့်ဘဲ မနေရဲဘူး"

"သာပြန်ပဟ"

ကိုယ်
တစ်ယောက်တည်း
ကာရာအိုကေခန်းထဲ
မိုက်ခွက်ကြီးနှင့်
လက်ပူးလက်ကြပ်ကြီး။
အလှူခံပုံးက ငါးပုံး။
ထိပြန်ပေါ့
နောက်တစ်ခါ

လွမ်းဝေနိုင်က ထအော်သည်။ အားလုံး ဝမ်းသာအားရတွေ ဖြစ်ကုန်၏။ ဒါကို နဂိုရ်ပျော်တတ်သော ကျွန်တော်က

"ကဲ ကဲ သာရေးကူညီမှုအသင်း အောင်မြင်မှုအတွက် ဂုဏ်ပြုပွဲလေး နွှဲလိုက်ကြရအောင်၊ သီချင်းတွဲဆိုဖို့ ကောင်မလေးတွေခေါ်၊ ပျော်မပျော် စမ်းကြတာပေါ့"

ဟု အပျော်စိတ်နှင့် မိုက်ခွက်လှမ်းအဆွဲ။

ကြားလိုက်ရသော တစ်ပြိုင်တည်း အသံက

"လာထား အလှူငွေ"

"ဟင်"

ကိုယ်တစ်ယောက်တည်း ကာရာအိုကေခန်းထဲ မိုက်ခွက်ကြီးနှင့် လက်ပူးလက်ကြပ်ကြီး။

အလှူခံပုံးက ငါးပုံး။

ထိပြန်ပေါ့ နောက်တစ်ခါ။

× × ×







www.burmeseclassic.com

www.burmeseclassic.com





"နေဦး၊ နေဦး၊ ခင်ဗျားတို့ ဒီလိုလုပ်လို့မရဘူး၊ ခင်ဗျားတို့နဲ့ ကျုပ် သဘောတူထားတာရှိသေးတယ်၊ အဲဒါ အရင်ရှင်းမယ်"

အားလုံးမျက်မှောင်ကြုတ်ပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။

"ဘာလဲကွ၊ ဘာသဘောတူထားလို့လဲ"

ကိုမျိုးကမေးသည်။ ကျွန်တော်က မြိန်မြိန်ကြီးပြုံးပြီး

"ဒီအကြံပေးရင် ခင်ဗျားကြီးတို့ ကျုပ်တစ်ရှူးဂျာနယ်မှာ ပြန်ကူညီပေးရမယ်ဆိုတာလေ"





အားလုံးပြုံးသွားသည်။ အရေးမကြီးပါဘူးဆိုသည့်သဘော ထို့ကြောင့် အောင်စိုးသူက

"ကဲ ပြော၊ ငါတို့က ဘာလုပ်ရမှာလဲ"

ကျွန်တော်က လူစေ့အောင်ကြည့်ပြီး

"ကိုအောင်စိုးသူရယ်၊ ကိုလွမ်းဝေနိုင်ရယ်၊ ကျော်သီဟရယ်"

နာမည်ပါအားလုံး ခေါင်းထောင်သည်။

"မားကက်တင်း(န်)"

"ဟမ်"

အားလုံးကြောင်ကုန်၏။

သူတို့ မထင်မှတ်တာကိုး။

ကျွန်တော်က ဆက်၍

"ကိုမျိုးရယ်၊ သျှိသူအောင်ရယ်"

တစ်ရှူးလိပ်တစ်ခု စားပွဲပေါ် ချရင်း

"ဂျာနယ်ခေါက်ရမယ်"

"တောက်"

နှစ်ယောက်လုံးထံမှ တောက်ခတ်သံကြားရသည်။ ဒီတစ်ရှူးလိပ်တစ်လိပ်သာ ဂျာနယ်တစ်စောင်ဖြစ်လျှင် တစ်နေကုန်လက်တိုအောင် ထိုင်ခေါက်ရမည်မဟုတ်လား။ ထို့ကြောင့်

"အေး တစ်ရှူးခေါက်တဲ့သူတွေက"

"ဂျာနယ်လို့ပြောစမ်းပါ"

"အေး မင်းတစ်ရှူးဂျာနယ်ကို ဟိုကောင်တွေခေါက်ရတာတော့ ဟုတ်ပါပြီ၊ ငါတို့ မားကက်တင်း(န်)သမားတွေက ဘယ်နေရာတွေကို မားကက်ဆင်းရမှာလဲ"

"ဟုတ်သားပဲ၊ မင်းဂျာနယ်ကိုက တစ်ရှူးဂျာနယ်ဆိုတော့ တော်ရုံကုန်ပစ္စည်းတွေက ကြော်ငြာထည့်ပါ့မလား၊ ဥပမာ အလှကုန်



www.burmeseclassic.com

www.burmeseclassic.com



တို့ ရွှေဆိုင်တို့ဆိုတာက မင်းတစ်ရှူးပေါ်မှာ သူတို့ကြော်ငြာထည့်ကြမှာ မဟုတ်ဘူး"

"ရေသန့်တို့ အစားအသောက်တို့ကလည်း တစ်ရှူးပေါ် ဘယ်သူကြော်ငြာချင်ကြမှာလဲ၊ ကြော်ငြာသွားတောင်းရင်တောင် အရိုက်ခံရမှာကွ"

"ဒီအဆင်နဲ့ ဒီအဆင်ကွာ၊ အိမ်သာကြို အိမ်သာကြား သွားပြီး မားကာဒ်တင်း(န်) ဆင်းစရာလား"

သူတို့စကားများကို ကျွန်တော်ကပြုံးပြီး

"အဲဒီလိုနေရာမျိုးတွေကို ကြော်ငြာလိုက်ရမှာ မဟုတ်ပါဘူး၊ ကြော်ငြာပစ်မှတ်က တစ်ခုတည်းထားမှာပါ"

"ဘယ်မှာလဲ"

အားလုံး ခေါင်းတွေစုကပ်ကုန်၏။ ကျွန်တော်က တစ်လုံးချင်း

"အိမ်သာ"

"တောက်"

သုံးယောက်လုံးဆီမှ သံပြိုင်ပေါ်ထွက်လာ၏။

အတန်ကြာမှ အောင်ဖိုးသူက ဒေါသသံဖြင့်

"မောင်ကြည် မင်းလည်း ဦးနှောက်ရှိတဲ့လူပဲ၊ စဉ်းစားတတ်မှာပေါ့"

"ဘာကိုစဉ်းစားရမှာလဲ"

"ဒီအဆင်နဲ့ဒီအဆင်ကွာ၊ အိမ်သာကြို အိမ်သာကြားသွားပြီး မားကာဒ်တင်း(န်)





ဆင်းစရာလား"

သူ့စကားကို လွမ်းဝေနိုင်ကပါ

"ဟုတ်ပါ့ကွာ၊ ဒီအသားအရည်နဲ့လူကို"

အမှန်တော့ သူ့အသားက မဲပြာနေတာ။

သူနဲ့ကျော်သီဟကို ကျွန်တော်တို့ နာမည်ပေးထားတာရှိတယ်။

ကျော်သီဟက ဆန္ဒမဲ။ ဆန္ဒအလျောက်မဲနေတာ။

လွမ်းဝေ နိုင်က ကြိုတင်မဲ။ သူ့အမေမမွေးခင်ကတည်းက ကြိုတင်ပြီး မဲနေလို့လေ။

ယခုတော့ ကြိုတင်မဲရော၊ ဆန္ဒမဲရော ကိုယ့်ဖက်မပါတော့။ သို့သော် စာချုပ်အရ ကိုယ်အသာချည်းမို့

"မရဘူး၊ ကြိုတင်တောင်းထားတဲ့ ကတိအတိုင်းပဲ၊ ကျွန်တော့်ဂျာနယ်အတွက် မားကာဒ်တင်း(န်)ဆင်းကိုဆင်းရမယ်"

"တောက်"

သုံးယောက်လုံးဆီမှ တောက်ခတ်သံ ထပ်ထွက်လာသည်။ သူတို့ခမျာလည်း သူတို့စကားနှင့်သူတို့ ချည်ပြီးတုပ်ပြီးမို့ ဘာမှပြောနိုင်ပုံမပေါ်။

နောက်ဆုံး ကြံရာမရသည့်အဆုံးထင်သည်။

သူတို့ခေါင်း သုံးခေါင်းပူးသွားသည်။ ဘာတွေတိုင်ပင်နေကြသည်မသိ။

အတန်ကြာမှ ပြန်လှည့်လာပြီး

"မင်းတကယ်ပဲ ငါတို့ကို မားကာဒ်တင်း(န်)ဆင်းခိုင်းမှာလား"

လွမ်းဝေနိုင်အမေး။

ကျွန်တော်က ရင်ကော့၍

"ဟုတ်တယ်လေ၊ လုပ်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်လုံးခေါင်းညိတ်သည်။ ပြီးနောက်

"ပြီးရော"

ဆိုကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ကုန်းကုန်းကြီး ကြိုတင်မဲရော ဆန္ဒမဲပါ လေးပေသာသာမဲပုံး(အောင်စိုးသူ၊ သူလည်း မဲမဲတုံးတုံးမို့ပါ)ကိုမ,၍ ထွက်ချသွားလေသည်။

သူတို့ကိုကြည့်၍ ကြိတ်ရယ်ချင်နေမိသည်။

သွားပေဦးတော့ မဲသုံးမဲရေ။

အိမ်သာကြိုအိမ်သာကြား ဒုက္ခများပြီး ပြန်လာကြရတာ လှလှကြီး ထိုင်ကြည့်ဦးမည်။

× × ×







ထိုနေ့က ဂျာနယ်အတွက် လွန်စွာအလုပ်များသောနေ့ဟု ဆိုရပေမည်။ ဂျာနယ်ကလည်း ထွက်ခါနီးနေပြီ။ ဂျာနယ်ခေါက်ရန်နှင့် ထုတ်ပိုးရန်အတွက် ကိုမျိုးနှင့်သျှိသူအောင်တို့ကလည်း အဆင်သင့် လက်ပြင်ထားကြပေပြီ။

သို့သော် ဂျာနယ်၏အဓိကလိုအပ်ချက်ဖြစ်သော ကြော်ငြာ က ရောက်မလာသေးခြင်းပင်။

ကြော်ငြာမားကဒ်တင်း(န်)များဖြစ်သော ကြိုတင်မဲ၊ ဆန္ဒမဲ နှင့် မဲပုံးတို့မှာ ရောက်မလာသေး။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက်လုံးက ဝါရင့်ဂျာနယ်သမားများမို့ မားကဒ်တင်း(န်)လည်း ကျွမ်းကျင်ကြပေသည်။ ယခုလည်း

"ဂျာနယ်ကို ဖောင်မပိတ်နဲ့ဦး၊ ကြော်ငြာတစ်ခုစီရပြီ"

ဆိုသည်နှင့်ပဲ ဝမ်းသာအားရ သူတို့ကို စောင့်နေရခြင်းပင်။ သိပ်မကြာပါ။ မဲသုံးမဲ ချွေးတလုံးလုံးနှင့် ရောက်လာကြသည်။

"ဒီမှာ ကြော်ငြာတော့ ပါလာပြီ၊ ဒါပေမယ့် စည်းကမ်းချက်က သူတို့ကြော်ငြာချင်တဲ့ ကြော်ငြာစာသားအတိုင်း ထည့်ရမယ်တဲ့၊ ဒါကိုတော့ မင်းသိတယ်နော်"

အောင်စိုးသူ၏စကား။ ကျွန်တော်လည်း ဝမ်းသာအားရဖြင့်

"သိပါတယ်ဗျ၊ ဒါကတော့ ကြော်ငြာသမားအကြိုက် ဆောင်ရွက်ပေးရတာပဲ၊ ကဲ ကဲ ကြော်ငြာပဲပေးပါ"

လွှမ်းဝေနိုင်က စိုက်ကြည့်ပြီး

"မင်းသေချာတယ်နော်"

ကျွန်တော်လည်း ပြုံးပြုံးကြီး ခေါင်းညိတ်ကာ

"သေချာပါတယ်ဗျ"

ကျွန်တော့်စကားဆုံးသည်နှင့် အောင်စိုးသူက စ၍

"ဒါဆို ရော့ ကြော်ငြာ မင်းဂျာနယ်မှာ အသေအချာထည့်"

ကြည့်လိုက်တော့

"ယုဇနပလာဇာ အများသုံးအိမ်သာ"

ဝမ်းသာသွားသည်။ ကိုယ့်ဂျာနယ်နှင့်အံကိုက်ကို။ သို့သော် အောက်မှာ ရေးထားသည်က

"မည်သူမဆို လက်လီလက်ကား စိတ်ကြိုက်ဝင်ပါနိုင်ပါပြီ"

"ဟင် ဟင် ဒါကြီးက"

ကျွန်တော့်စကားကို အောင်စိုးသူက သူ့ခါးပုပုပေါ် လက်ထောက်ပြီး





"ကြော်ငြာလေ ကြော်ငြာ ငြင်းမယ်တော့ မကြံနဲ့"

"ဟာ ကြော်ငြာမှန်းတော့ သိတာပေါ့၊ အခုဟာက အများသုံးအိမ်သာမှာ လက်လီလက်ကား ဝင်ပါလို့ရပြီ ဆိုတာကြီးက"

အောင်စိုးသူက ခေါင်းကုတ်ပြီး

"ဒါ ဒါကကွာ ကုန်စည်ဒိုင်ကြီးတွေမှာလည်း ဒီလိုပဲ လက်လီလက်ကား စိတ်ကြိုက်ဝယ်ယူနိုင်ပြီ ဆိုပြီးတော့ ရေးကြတာပဲ"

"အဲဒါက ကုန်စည်ရောင်းတာလေ၊ ဒါက အင်အင်းပါတာလေ၊ ဘယ်လိုလုပ်ပြီး လက်လီလက်ကားခွဲပါလို့ ရမှာလဲ"

အောင်စိုးသူက ခေါင်းကုတ်ပြီး

"မသိဘူး၊ မသိဘူး၊ သူတို့က ဒီအတိုင်းပဲ ထည့်ခိုင်းတာ အဲဒီအတိုင်းသာ ထည့်၊ ဒါပဲ"

ဘာမှမတတ်နိုင်တော့။

ကိုယ်က ကြော်ငြာလိုချင်သူမဟုတ်လား။ ထို့ကြောင့်

"ကဲ ထားပါဗျာ၊ ကိုလွှမ်းကြော်ငြာကရော"

ကိုလွှမ်းက သူ့လက်ထဲကစာရွက်ကို ဆိုးမပေးသေးဘဲ

''ဟ သူတို့ထည့်ခိုင်းတဲ့ ကြော်ငြာတော့ ဟုတ်တယ်လေ၊ အလေးသွားရင် အခပဲ့Free ဆိုတော့ တခြားအိမ်သာတွေက အဲဒီတွေကို လိုက်ချောင်းပြီး ငွေပိုယူနေလို့လား''



www.burmeseclassic.com

www.burmeseclassic.com



“ကြော်ငြာတွေရဲ့ထုံးစံ ဒါတယ်နော်”

ကျွန်တော်ကပြုံးပြီး

“သိပါတယ်ဗျာ၊ ကြော်ငြာချင်တဲ့ စာသားကို မပြင်ရဘူး မဟုတ်လား”

ကိုလွမ်းက ခေါင်းညိတ်ပြီး

“ဒါဆို ရော့”

စာရွက်ကိုဆွဲယူပြီး ဖွင့်ဖတ်လိုက်တော့

“တော်ဝင်ပလာဇာ အများသုံးအိမ်သာ”

ပြုံးမိသည်။ အောက်တွင်ရေးထားသည်က

“မည်သူမဆို အလေးသွားပါက အပေါ့ Free”

“ဟင် ဟင် ဒါကြီးက”

သူစာသားကိုကြည့်ပြီး အံ့အားသင့်မိသည်။ ဒါကို ကိုလွမ်းက သူ့နားကိုသူ လက်နှစ်ဖက်နှင့်ပိတ်ပြီး

“သိဘူး သိဘူး၊ ဒါ သူတို့ထည့်ခိုင်းတဲ့ ကြော်ငြာပဲ”

ကျွန်တော် မျက်လုံးပြူးသွားသည်။

“ဟ သူတို့ထည့်ခိုင်းတဲ့ကြော်ငြာတော့ ဟုတ်တယ်လေ၊ အလေးသွားရင် အပေါ့ Free ဆိုတော့ တခြားအိမ်သာတွေက အဲဒါတွေကို လိုက်ချောင်းပြီး ငွေပိုယူနေလို့လား”

“သိဘူးလေ၊ ယူချင်ယူမှာပေါ့၊ ငါလည်း ဘယ်သိပါ့မလဲ”

“ခင်ဗျားကလဲဗျာ၊ ဒါဆို တခြားအိမ်သာတွေက အိမ်သာပေါက်ဝမှာတင် ဒီကိစ္စမကျူးလွန်နိုင်အောင် သားရေကွင်းနဲ့ချည်ပေး လိုက်တာမျိုး ကြုံဖူးလား ကဲ”

“ကြားချင်ဘူး၊ ကြားချင်ဘူး၊ သူတို့က ဒါမျိုးထည့်ဆိုထည့်ပဲ ဒါပဲ ဒါပဲ”

လွမ်းဝေနိုင်မှာ နားနှစ်ဖက်ကိုပိတ်၍ အတင်းငြင်းနေတော့





မတတ်နိုင်တော့။ ထို့ကြောင့်

“ကဲဗျာ ဒါဖြင့်ပြီးတာပဲ၊ ကိုကျော်သီဟကရော”

ကျော်သီဟ သူ့ရှေ့တစ်တောင်လောက် ပိုရောက်နေသော ဗိုက်ကိုပုတ်ရင်း ပင်ပန်းနွမ်းနယ်ဟန်နှင့်

“ဟူး ဒါက သိပ်လွယ်လှတာတော့ မဟုတ်ဘူး၊ ကျုပ်က သူတို့လိုတောင် မဟုတ်ဘူး၊ ဟိုးအဝေးကြီးနယ်ကိုထွက်ပြီး ပင်ပင်ပန်းပန်း ရှာဖွေလာရတာ”

ကျွန်တော်ခေါင်းညိတ်မိသည်။ မှန်၏။ ကျော်သီဟက အလုပ်လုပ်လျှင် အပင်ပန်းခံ၍ အလုပ်လုပ်တတ်သည် မဟုတ်လား။

“အဲဒီတော့ ဒီကြော်ငြာကိုတော့ သူတို့လိုချင်တဲ့အတိုင်း ထည့်ပေးရမယ်နော်”

ကျွန်တော်လည်း နှစ်ခုတောင်ခံထားရပြီဖြစ်၍ အရေထူနေပြီမို့

“စိတ်ချပါဗျာ၊ သူတို့ကျေနပ်သည်အထိ ထည့်ပေးပါ့မယ်၊ ပေးစမ်းပါဗျာ”

ဆို၍ ဆွဲယူပြီး ဖတ်ကြည့်လိုက်တော့

“ရန်ကုန်မန္တလေး လမ်းမကြီးပေါ် အကွက်အကွင်းရှုခင်း ကောင်းသောနေရာ”

ပြုံးမိသည်။ အင်မတန်ကောင်းသည့်စိတ်ကူးပဲ။ ရှုခင်းကောင်းကောင်းမှာမှ သွားဆောက်ထားတာကိုး။ ဆက်ဖတ်လိုက်တော့

“3D သုံးဖက်မြင် ဘိုထိုင်အိမ်သာကြီး”

“ဟင် ဟင် ဒါကြီးက”

ကျွန်တော့်စကားကို ကျော်သီဟက

“3D သုံးဖက်မြင်ဘိုထိုင်အိမ်သာလေ၊ အိမ်သာတံခါးလဲ ပါ ဘယ်၊ ကျန်တာအပွင့်၊ အဟင့်အဟင့်”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မျက်လုံးပြူးသွားသည်။

"ဟင် ရှုခင်းကောင်းတဲ့နေရာမှာ သုံးဖက်မြင်အိမ်သာကြီး"

"ဟုတ်တယ်လေ၊ လမ်းမဖက်ဖင်ပေးပြီး ဆောက်ထားတာ၊ ကားကြီးများဖြတ်သွားရင် အေးခနဲအေးခနဲ လေဟပ်ဟပ်သွားတာ ပီး(လ်)ပဲ၊ တချို့ဆို ကြက်သီးတောင်ထတယ်"

"ဟင် ကားလမ်းမဖက် ဖင်ပေးဆောက်ထားတော့ ဖြတ်သွားတိုင်း ကြက်သီးမထဘဲနေမလား၊ လူတွေကြည့်ကြည့်သွားမယ့်ဟာကို"

"အို မျက်နှာတော့ မမြင်ရပါဘူး၊ တံခါးဖွင့်လိုက်လို့ လေးဖက်မြင်သွားရင် ရှုခင်းတွေ လှမှလှ ဟီဟိ"

BURMESE CLASSIC .com

သူ့ဘာသာသူပြောပြီး သဘောတွေကျနေသေး၏။

"တောက်"

ကျွန်တော်လည်း ဘာမှမပြောသာတော့။ ကိုယ့်ဒုက္ခနှင့်ကိုယ်ကိုး။ ကြော်ငြာကလည်း ကောက်ထားပြီမို့ မထည့်လို့မဖြစ်တော့။ ဂျာနယ်ကလည်း ထွက်ဖို့အဆင်သင့်။

ထို့ကြောင့်သာ

× × ×







မိတ်ဆွေတို့လည်း သိတဲ့အတိုင်းပါပဲ။

ဂျာနယ်ဆိုတာ ကြော်ငြာမရပါက ရပ်တည်ရန် အင်မတန်ခက်ခဲလှသဖြင့် စောင်ရေလိုသလောက်မရလျှင် ပြုတ်ရန် အင်မတန်မှကို နီးစပ်နေပြီမို့ အခြားအခြားသောမက်လုံးများနှင့် စောင်ရေတက်ရန် မနည်းကြိုးစားယူရမည်ဖြစ်သည်။

ကျွန်တော့်ဂျာနယ်ကလည်း တစ်ရှူးဂျာနယ်မို့ မည်သည့်ကြော်ငြာရှင်ကမှ ကြော်ငြာမထည့်ချင်၊ မည်သည့်မင်းသားမင်းသမီး ဘာရေးဆရာများကမှ အဖက်လုပ်၍ ဝင်မပါချင်၍ အင်မတန်အခက်



www.burmeseclassic.com

www.burmeseclassic.com



ကြုံရသည်။

ကြည့်လေ။ ထပ်လာသည့်ကြော်ငြာများက

"ရန်ကုန်မြို့တွင်း အချက်အချာကျသော မြေအောက်အိမ်သာ"

"တစ်ခါပြင်(၅၀)"

"အဝပါ (၁၀၀)"

"မန္တလေးမြို့ ဈေးချိုအနီး အများသုံးအိမ်သာ"

"ကိုယ်တိုင်ပါစနစ်နှင့် စိတ်ကြိုက်ဝင်ပါနိုင်ပြီ"

"ပျဉ်းမနား နေပြည်တော်လမ်းမန်ဘေး ကာရာအိုကေအိမ်သာ၊ အင်အင်းပါရင်း သီချင်းဆိုရအောင်" (မှတ်ချက်။ ကြိုတင်မှာယူထားမှ နေရာသေချာမည်၊ ရုံတွဲခန်းသီးသန့်၊ မိသားစုအတွက် ကြိုတင်မှာယူပါ)

"အိမ်သာဘူဖေး"

"စိတ်ကြိုက်အိမ်သာခွက်ကို စိတ်ကြိုက်ရွေးယူပြီး အဝပါနိုင်ပြီ"

ထိုကြော်ငြာများကို မည်သို့ထည့်ရမည်နည်း။

× × ×







ထို့ကြောင့် ကိုယ့်ဘာသာကိုယ် ကလောင်ခွဲပေါင်း နှစ်သောင်းလေးထောင်ခန့်ဖြင့် ကုန်းရုန်းပြီးရေးလာတာ လက်ပင်တိုမတတ်။

မိတ်ဆွေများ မြင်ဖူးတွေ့ဖူးသည့်အတိုင်း တစ်ရှူးတစ်လိပ်ဆိုသည်မှာ နည်းနောလှသောအရှည်လျားမဟုတ်သည့်အတွက် ရေးရသည်မှာ လက်တိုရုံမကလို့ လျှာပါထွက်ချင်နေမိတော့သည်။

ထို့ကြောင့်

ဒီအတိုင်းဆိုလျှင်တော့မဖြစ်။ တစ်နည်းနည်းနှင့် ဂျာနယ်စောင်ရေတက်အောင်ကြံမှပဲ ဟူသောအတွေးနှင့် လူစု၍တိုင်ပင်ရပြန်သည်။

လူစုရတာလည်း သိပ်မခက်။

"အလကားဟေ့"

ဆိုသည်နှင့် သတ်မှတ်ချိန်ထက် များစွာစောရောက်တတ်သောနောင်တော်များမှာ အလိုလို လူစုပြီးသားဖြစ်နေလေတော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com





"ကံစမ်းမဲပေးမယ်"

ကျွန်တော့်စကားကြောင့် အားလုံးကြောင်ကုန်၏။ အတန်ကြာမှ ကိုမျိုးက

"ဘာကို ကံစမ်းမဲပေးမှာလဲ"

"ဂျာနယ်ကို ကံစမ်းမဲပေးမယ်"

အားလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။

"ကျွန်တော့်ဂျာနယ်ဖတ်သူတွေကို ကံစမ်းမဲပေးမယ်"

"ဟယ်"





အားလုံးထံမှ အာမေဋိတ်သံများ လျှံထွက်လာ၏။

နောက် စားပွဲပေါ်တင်ထားသော ကျွန်တော့်ဂျာနယ်လိပ်ကို စိတ်ဝင်တစား စိုက်ကြည့်ကြသည်။

သျှိသူအောင်က

"ခင်ဗျားဗျာ၊ ကံစမ်းမဲပေးတယ်ဆိုတာ ကုန်ပစ္စည်းတို့၊ အလှကုန်တို့ ဘာတို့ကသာ ပေးရိုးထုံးစံရှိတာ၊ အခုဟာက"

"ခင်ဗျားကလည်း ရုပ်ရှင်တွေလည်း ပေးတာပဲ"

ကျွန်တော့်စကားကြောင့် အားလုံးခေါင်းထောင်ကုန်ကြ၏။ အတန်ကြာမှ အောင်စိုးသူက

"ဟောကောင် ရုပ်ရှင်ပဲပေးပေး၊ ဂီတပဲပေးပေး၊ တို့စာပေက ဘယ်တော့မှ မပေးဘူးကွ၊ ကြိုက်ရင်ဖတ်၊ မကြိုက်ရင်မဖတ်နဲ့ ဒါပဲ၊ ဘာကံစမ်းမဲမှ မလိုဘူး"

သူ့စကားကို ကျွန်တော်က

"ခင်ဗျားတို့ဂျာနယ်မလိုလည်း ကျုပ်ဂျာနယ်က လိုတယ်ဗျ၊ ကျုပ်တစ်ရှူးလေး စောင်ရေတက်အောင်တော့ လုပ်ရမှာပဲ"

ကျွန်တော့်ရဲ့ ပြတ်ပြတ်သားသားစကားကြောင့် အားလုံးတစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်ကြသည်။ နောက်မှ လွမ်းဝေနိုင်က

"ကဲ ဟုတ်ပါပြီကွာ၊ မင်းဂျာနယ်အတွက် မင်းကံစမ်းမဲပေးတာ၊ ပြောမရတော့လည်း ပေးပေါ့၊ ဒါနဲ့ ဘယ်လိုကံစမ်းမဲမျိုးပေးမှာလဲ"

ကျွန်တော်ပြုံးလိုက်သည်။ ပြီးမှ ဂျာနယ်လိပ်ကိုကိုင်၍ ရှင်းပြလိုက်သည်။

"ကျွန်တော့်ကံစမ်းမဲပေးနည်းက အဆင့်မြင့်နည်း၊ အခုခေတ်စားနေတဲ့ ခဲခြစ်ကံစမ်းမဲလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



> "တကယ်ပြောတာဗျ၊ တစ်ရှူးနဲ့ အသားကို ခြစ်လိုက်ရုံနဲ့ ဇီးဝမ်းဇီး ပေါ်လာရင် ဆယ်သိန်းရပြီ၊ လွယ်လွယ်လေး"

"တစ်ရှူးကို ခြစ်ရမှာလား"

ကျော်သီဟက ဖြတ်မေးသည်။ ကျွန်တော်က ပြုံးရင်း

"ဟုတ်တယ်၊ ခြစ်ရမှာ၊ ဒါပေမယ့် တစ်ရှူးကို ခြစ်ရမှာ မဟုတ်ဘူး"

"ဘယ်လို"

အားလုံး စိတ်ဝင်စားသွားကြသည်။

"တစ်ရှူးကို ခြစ်ရမှာမဟုတ်ဘူး၊ ကျွန်တော့်တစ်ရှူးနဲ့ အသားကိုပွတ်လိုက်ရင် ကံစမ်းမဲပါခဲ့ရင် အသားပေါ်မှာ ဇီးရိုးဝမ်း ဇီးရိုး ဆိုတဲ့ နံပါတ်အမဲကြီး ပေါ်လာလိမ့်မယ်"

"ပေါ်လာရင်"

ကိုမျိုးက စိတ်ဝင်တစားမေးသည်။

"ဆယ်သိန်း"

"ဟယ်"

အားလုံးမျက်လုံး အရောင်လက်ကုန်၏။

ငွေက နည်းသည့် ငွေမှမဟုတ်ဘဲ၊ ဆယ်သိန်းဆိုသည့်ငွေက အလုပ်တစ်ခုအတွက် တစ်ရင်းစာကို၊ မည်သူမလိုချင်ရှိပါနည်း။

ဒါကို အောင်စိုးသူက

"နေပါဦး၊ မင်းတစ်ရှူးက အသားပေါ်ပွတ်လိုက်ရုံနဲ့ ဇီးဝမ်းဇီးဆိုတဲ့ဂဏန်း





အနက်ကြီး ပေါ်လာရုံနဲ့ မဲက ပေါက်ပြီလား၊ ဒါဆို ဘယ်လိုဆက်လုပ်ရမှာလဲ"

ကျွန်တော်က ကျွန်တော်၏ ကံစမ်းမဲပေးပုံကို ထပ်ရှင်းပြလိုက်သည်။

"လွယ်လွယ်လေးပါပဲ၊ ကျွန်တော့်ရဲ့ တစ်ရှူးဂျာနယ်နဲ့အသားပေါ်ကို ပွတ်လိုက်၊ ဇီးဝမ်းဇီးဆိုတဲ့ ဂဏန်းအမဲကြီးပေါ်လာတာမှန်ရင် တာနယ်ဇင်းအားလုံးရှေ့ စစ်ဆေးပါ့မယ်၊ စစ်ဆေးပြီး အတည်ပြုချက်ရရင် ငွေဆယ်သိန်းကို အလွယ်တကူ ထုတ်ယူရုံပါပဲ"

ကျွန်တော့်ရဲ့ရှည်လျားသော ရှင်းပြချက်ကို အားလုံးစိတ်ဝင်စားကုန်၏။ အားလုံးခေါင်းတညိတ်ညိတ်နှင့် ယုံပေးရှာသည်။ သို့သော် မယုံသူက ကြိုတင်မဲကြီး လွမ်းပေနိုင်။ သူက ကျွန်တော်ချထားသော ဂျာနယ်လိပ်ကို ဆွဲပြီး

"တော်စမ်းပါကွာ၊ မဖြစ်နိုင်တာ၊ အသားပေါ် ဇီးဝမ်းဇီးဆိုတဲ့ ဂဏန်းပေါ်လာတာနဲ့ ဆယ်သိန်းဟုတ်လား၊ မင်းလား သူများကို ဆယ်သိန်းပေးမှာ"

"တကယ်ပေးမှာပါဗျ"

"အသာနေပါ မောင်ကြည်ရာ၊ ကိုယ့်ဘာသာကိုယ် အိမ်သာတက်တာပဲ ကောင်းပါတယ်"

ဆိုကာ တစ်ရှူးလိပ်ကြီးယူပြီး ထွက်ချသွား၏။

သူ၏စကားကြောင့် အားလုံးက ဟုတ်ရဲ့လား ဒီကောင် အကြံအဖန်လုပ်ပြန်တာလားဟူသောအကြည့်နှင့် ဝိုင်းကြည့်ကြသည်။

"တကယ်ပြောတာဗျ၊ တစ်ရှူးနဲ့ အသားကိုခြစ်လိုက်ရုံနဲ့ ဇီးဝမ်းဇီး ပေါ်လာရင် ဆယ်သိန်းရပြီ၊ လွယ်လွယ်လေး"

ဝိုင်းပြရသေးသည်။ သို့သော် သိပ်မကြာပါ။

"ပေါက်ပြီးသွားပြီ၊ ပေါက်ပြီးသွားပြီ၊ ပေါက်ပြီးသွားပြီကွ၊ ဟား



www.burmeseclassic.com

www.burmeseclassic.com



ဟား"

ဟူသော ကတုန်ကယင်အော်သံကြီးနှင့် လုံချည်မ,ကာ ဝမ်းသာအားရ ပြေးချလာသော လွမ်းဝေနိုင်ကို တွေ့ကြရသည်။ သူ့ပုံမှာ ဝမ်းသာလုံးဆို့နေပုံ။

"ပေါက်ပြီးသားကွ၊ ပေါက်ပြီးသား၊ ပေါက်ပြီးသားကွ၊ ဟား ဟား"

> ''အိမ်သာသွားတုန်း ကံစမ်းမဲပေါက်တာ ဘယ်နေရာ ပေါက်ရမှာလဲကွ ဟီး''

သူ့အော်သံကို ကျော်သီဟက

"ပေါက်ပြီးသွားရင်လည်း ငြိမ်ငြိမ် ပြန်ထိုင်လေဗျာ၊ ဘာလို့ ဒီလောက်တောင် အော်နေရတာလဲ"

ကျော်သီဟစကားကို လွမ်းဝေနိုင်က ခုံမှာဝင်ထိုင်မလိုလုပ်ပြီးမှ

"အာ ထိုင်လို့မဖြစ်ဘူး၊ ထိုင်လို့မဖြစ်ဘူး"

ဆိုကာ ကျွန်တော့်ဖက်လှည့်၍

"ဟော့ကောင်မောင်ကြည်၊ မင်း မင်း ကံစမ်းမဲနံပါတ်က ဇီးဝမ်းဇီး ဟုတ်တယ်နော်"

ကျွန်တော်က မျက်မှောင်ကြုတ်ရင်း

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ၊ ဇီးဝမ်းဇီးအနက်ရောင်"

ကျွန်တော့်စကားကို လွမ်းဝေနိုင်က ဝမ်းသာအားရဖြင့်

"အဲဒီကံစမ်းမဲ ငါပေါက်သွားပြီကွ ငါပေါက်သွားပြီ၊ ဟား ဟား လာထား ဆယ်သိန်း ဟားဟား"

"ဟယ်"

"အလို"

"ဘယ်လို"

အာမေဋိတ်သံများ စီညံသွား၏။ ကံစမ်းမဲဖွင့်ဖွင့်ချင်းမှာတင် လွမ်းဝေနိုင် ကံကောင်းသွားပေပြီ။

"ခင်ဗျား ခင်ဗျားဟာဟုတ်ရဲ့လား"

"ဟားဟား သိပ်ဟုတ်၊ ဟုတ်ဟုတ်တောင်မြည်သေး၊ အဟေး ဟေး"

"ဒါဖြင့် ကံစမ်းမဲ ဘယ်နေရာပေါက်သလဲ ပြစမ်း"

"ဟင်"

ကျွန်တော့်အမေးကြောင့် လွမ်းဝေနိုင် ကြက်သေသေသွား၏။ လုံချည်ကြီးမ,ပြီး ငြိမ်ကျသွားသည်။ နောက် မျက်နှာဖရိုဖရဲနှင့် ကျိုးကြည့်ကြောင်ကြည့် ကြည့်ရင်း

"မပြ မပြရင်မရဘူးလားဟင်"

သူ့စကားကို ကျွန်တော်က

"ဟာ မပြရင် ဘယ်လိုရမှာလဲဗျ၊ ဘယ်သူ့မှမပြဘဲ ကံစမ်းမဲ ပေါက်ရင် ကျွန်တော်တို့အချင်းချင်း မဲလိမ်တယ်လို့ လူတွေထင်ကုန် မှာပေါ့၊ ကျွန်တော့်ကြော်ငြာထဲမှာကိုပါတယ်၊ ကံစမ်းမဲဂဏန်းကို စာ သင်းသမားတွေစုံရာရှေ့ စစ်ဆေးပြီး မှန်ကန်တယ်ဆိုရင် ငွေဆယ် သိန်းကို ပက်ခနဲပေးမယ်လို့"

"ဟင် ဟင်"

လွမ်းဝေနိုင် တက်မလိုဖြစ်သွား၏။ နောက် ကတုန်ကယင်

"ဟင် စာ စာနယ်ဇင်းစုံရာရှေ့ပြရမှာ၊ မပြလို့ မရဘူးလား







www.burmeseclassic.com

www.burmeseclassic.com



ဟင်"

သူ့စကားကို ကျော်သီဟက စိတ်မရှည်နိုင်တော့ဘဲ

"ဟာ ကိုလွှမ်းကလည်း ဒီလောက်မပြချင်ဘဲနေရအောင် ကံစမ်းမဲက ဘယ်နေရာပေါက်နေလို့လဲ"

ကျော်သီဟစကားကို လွှမ်းဝေနိုင်က ငိုချတော့မည့် ပုံမျိုးကြီးနှင့်

"အိမ်သာသွားတုန်း ကံစမ်းမဲပေါက်တာ ဘယ်နေရာပေါက်ရမှာလဲကွ ဟီး"

"ဟင်"

"အလို"

အားလုံးအာမေဋိတ်သံ။

ငိုသံစကြားရလေသည်။

"ဟီး ဒါကြီးကို စာနယ်ဇင်းစုံရာရှေ့ စစ်ဆေးမှာဆိုတော့ ငါ့ ငါ့မျက်နှာမဲမဲကြီး ဘယ်နားသွားထားရမှာလဲကွ ဟီး"

ငိုပြီ။ လွှမ်းဝေနိုင်တို့ ငိုပြီ။ ငိုတာတောင် လုံချည်မ၍ ငိုတာ။ ကံစမ်းမဲပျက်မှာလည်း ကြောက်ရသည်ကိုး။

အားလုံးမကြံတတ်တော့။ ဒါကို အောင်စိုးသူက

"မောင်ကြည်၊ မင်းကလည်း ဒီကံစမ်းမဲကို စာနယ်ဇင်းစုံရာနဲ့ စစ်ပြီးမှ ပေးမှာပေါ့"

"အမှန်ပဲ"

ကျွန်တော်ကတော့ ခပ်တည်တည်ပင်။ ပေးရမည့်သူဆိုတော့ မမာလို့မဖြစ်။

"လွှမ်း မင်းကရော ဒီငွေဆယ်သိန်း မလိုချင်ဘူးလား"

"လိုချင်တာပေါ့ဗျာ၊ ဆယ်သိန်းတောင် နည်းလား ဟီး"

အောင်စိုးသူက ခေါင်းညိတ်ပြီး





"တစ်နည်းပဲရှိတယ်"

"ဘယ်နည်းလဲ"

"စာနယ်ဇင်းစုံရာရှေ့ မင်းဖင်လှန်လိုက်ကွာ"

"ဟာ"

"ဟီး"

အောင်စိုးသူအမိန့်က ပြတ်သည်။ ဒါကို ကျော်သီဟကလည်း ဝင်ပြီး

"ဟုတ်တယ် ကိုလွှမ်း၊ သောက်ရှက်နဲ့ပိုက်ဆံ လဲပစ်"

"ဟီး သေပါပြီခင်ဗျ"

ဤသို့ဖြင့် စာနယ်ဇင်းစုံရာရှေ့ လွှမ်းဝေနိုင်၏ ဖင်လှန်ခန်းကြီး ပေါ်လာတော့၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com





မိတ်ဆွေ။ ဤအခန်းကို ဤသို့မြင်ပေးပါ။

ရှေးယခင်က တောင်စွယ်နေကွယ်လျှင် သုသာန်ထုတ် ဓား ခုတ်သတ်သောမြင်ကွင်းကို မြင်ဖူးကြပေလိမ့်မည်။

သတ်မည့်သူခေါင်းကို အဝတ်နှင့်ဖုံး၊ ပါးကွက်သားများ တရွတ်ဆွဲရာနောက် ကုန်းကုန်းကြီးပါသွားသော အပြစ်သား။

ယခုလည်း ဤသို့ပင်။

လွှမ်းဝေနိုင်မှာ ရှက်လွန်းသော သူမျက်နှာကို ဂုံနီအိတ်အစုတ် ကြီး ခြုံထားပြီး ကုန်းကုန်းကြီးဖြစ်နေသည်။ စစ်ဆေးသူများကသ





ပြဿနာတက်နေ၏။

"ဟော့ မီးထိုးကြစမ်း"

"မီးစုံတဲ့ဟော့ ဖင်ကိုထိအောင်ထိုးပါဟ"

စသည်ဖြင့် အလုပ်ရှုပ်ကုန်၏။

မိတ်ဆွေ ဤတွင်လည်း ကျွန်တော်အရှေ့က တင်ပြထားသည့်အတိုင်း လွှမ်းဝေနိုင်ဆိုသည်မှာ အသားမှာမဲသည်ထက်ပို၍ နက်သည့်ဖက်ကို ဦးတည်နေ၍ ကျွန်တော်ကိုယ်တိုင် ယခုမမမဲ၊ ယခင်ကတည်းက မဲသည့် ကြိုတင်မဲဟု တင်ပြခဲ့ပြီးဖြစ်၍ အထူးပြောစရာလိုအံ့မထင်။ သို့သော် ပြောစရာလိုသည်က ကျွန်တော်၏ ဇီဝမ်းဇီဂဏန်းမှာလည်း အနက်ရောင်နှင့်သာ ရိုက်နှိပ်ထား၍ မီးသွေးခဲပေါ် အိုးမဲနှင့်ဆွဲသလိုဖြစ်ကာ ဘယ်သူကမှ ဂဏန်းကို ရှာမရဖြစ်နေလေတော့သည်။

"မီးတွေထပ်တင်ပါဦးကွ"

"မရတော့ဘူး သူကြီး၊ ဒါအကုန်ပဲ၊ ဒီထက်တင်ရင် ပေါက်ထွက်ကုန်လိမ့်မယ်"

လွှမ်းဝေနိုင်၏ဆရာရင်း သူကြီးကိုယ်တိုင် ဆံပင်ကြီးဖားလျားကြား နှာခေါင်းစီးကြီးတပ်ပြီး လွှမ်းဝေနိုင်၏တင်ပါးမဲမဲကို ဖြကား၍ တံစမ်းမဲနံပါတ်ရှာရလေသည်။

လွှမ်းဝေနိုင်ကတော့ လူတွေ လွတ်လပ်စွာကြည့်နိုင်အောင် အရှေ့ဝါးလုံးတန်းကိုကိုင်၍ သုံးချိုးနှစ်ချိုး ခါးကိုချိုးထားရလေသည်။

ဆောင်းတွင်းကာလအခါသမယ၌ အစာတောင်းလှသော မျောက်သဖွယ် ဝါးလုံးကို တွယ်၍ လေအသလပ်ခံနေရသော သူ့ဒုက္ခကလည်း သေးမည်မထင်။ သို့သော် ဆယ်သိန်းဆိုသော ငွေပမာဏက သူ့ကို အင်အားတွေဖြစ်စေသည်ထင့်။

"မတွေ့ဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဂျာ"

ဘယ်သူရှာရှာ မီးဘယ်လောက်ထိုး ထိုး မတွေ့နိုင်ဖြစ်နေသည်။ မုန့်ကုလားမဲ အသိုးလို ရှုံ့တွနေသော တင်ပါးပေါ် အမဲ ရောင် ဇီးဝမ်းဇီးမှာ ဘယ်သူမှ ရှာမတွေ့နိုင် ရှိနေသည်။

မုန့်ကုလားမဲ
အသိုးလို
ရှုံ့တွနေသော
တင်ပါးပေါ်
အမဲရောင်
ဇီးဝမ်းဇီးမှာ
ဘယ်သူမှ
ရှာမတွေ့နိုင်
ရှိနေသည်၊

"ဟီး ရှိ ရှိပါတယ်ဆိုမှ သူကြီးကလဲ၊ အသေအချာကြည့်ပါ ဗျ၊ ဆယ်သိန်းတန်ကို အဟင့်"

"ငါလည်း အသေအချာကြည့်တာ ပဲကွ၊ မင်းကို ဆယ်သိန်းရစေချင်လို့ အစား အသောက်အပျက်ခံပြီး ကြည့်နေတာ၊ ထွီ ရွံ့ဖို့တောင် ကောင်းသေး၊ ရှိတယ်ဆို ပြစမ်း ဘယ်နားလဲ"

"ဒီမှာပါဗျ၊ အသေအချာကြည့်"

လွမ်းဝေနိုင်က သူ့တင်ပါးမဲမဲပေါ် လက်ညှိုးမဲမဲတင်၍ ဝိုင်းပြသည်။

"ဒီအတိုင်းကြည့်လို့ မမြင်ဘူး ဆရာစံဇာဂျီဘိုဆီက လက္ခဏာကြည့်တဲ့ မှန် ဘီလူး ငှားစမ်း"

အလုပ်တွေရှုပ်ကုန်၏။ လူတိုင်းက လည်း လွမ်းဝေနိုင်ကို ငွေဆယ်သိန်းရစေ ချင်၊ သို့သော် ပေါက်ဂဏန်းကလည်း ရှာမရ မို့ ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်နေကြ သည်။





တစ်ယောက်လာလိုက်၊ လွမ်းဝေနိုင်ကို ဖင်လှန်ကြည့်လိုက် ကံစမ်းမဲဂဏန်းကို မတွေ့လိုက်၊ နောက်တစ်ယောက်က လိုက်လှန် ကြည့်လိုက် မတွေ့လိုက်ဖြစ်နေသည်။

လွမ်းဝေနိုင်ကတော့ သူ့အသားကိုသူ ကြည့်နေကျမို့ မီးသွေး ခဲပေါ် က အိုးမဲကို မြင်၏။ ကံဖယ်ချင်တော့ သူ့လောက်မဲသည့်အသား ကို မည်သူကမျှ မမြင်ဘူးကြ၍ ကံစမ်းမဲအမဲကို မမြင်။

သို့သော် ထူးခြားသည်က သူ၏ပါတနာ ကျော်သီဟကတော့ လုံချည်ထဲ ခေါင်းတိုးကြည့်တာတောင် မြင်တယ်ဟူ၏။ ရှိုးရှိုးမြင်တာ တောင်မဟုတ်၊ သီချင်းလေးပါ ညည်းနေရှာသည်။

"မြင်တယ် စိတ်ကူးထဲလည်းမြင်တယ်၊ အိပ်မက်ထဲလည်း မြင်တယ်၊ အကြင်နာရဆုံး၊ ကိုယ့်ဘဝဘယ်ရောက်နေနေ အမြဲတမ်း ကိုယ်တွေ့ပါတယ်၊ အကြင်နာရဆုံး အချစ်ဆုံးကြီးရေ"

ဟူ၏။

နှစ်ယောက်ပေါင်းမှ နှစ်လုံးသာကောင်းသော သူတို့မြင်တယ် ဆို၍ ကျန်သူများ ကြိတ်မနိုင်ခဲမရ ပိုဖြစ်လေဖြစ်နေကြသည်။

"သူကြီး မှန်ဘီလူးရပြီဗျ"

"အေးအေး ပေးစမ်း၊ ဟေ့ မီးတွေပြန်ထိုးစမ်းဟေ့"

"မီးစုံဟေ့ မီးစုံ"

သူကြီးက စံဇာဂျီဘိုထံမှ ငှားလာသော မှန်ဘီလူးကြီးနှင့် ချိန်းချောင်းလိုက်သည်။

"ဟာ"

သူကြီးထံမှ အာမေဍိတ်သံ။ လွမ်းဝေနိုင် ဝမ်းသာသွားသည်။

"တွေ့ပြီလား သူကြီး၊ မဲကိုတွေ့ပြီလား"

"ဝဲချည်းပဲ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကာလသည်ကာလည်း ဆောင်းတွင်းကာလ။ လေအသလပ်ခံထား ရတာကာလည်းကြာ။ ထို့အပြင် ရေကြောက်၍ပင် ရေမချိုးသော သူ့ခမျာ

အားလုံးထံမှ အာမေဍိတ်သံ။ လွှမ်းဝေနိုင်၏ နဂိုရ်မဲမျက်နှာကြီး ပိုမဲသွားပြီး

"သူကြီးကလည်း မဲကြည့်ပါဆို ဝဲကြည့်နေသေး"

"ဟကောင်ရ ငါမြင်တာငါပြောတာပဲ၊ မင်းမဲက ဘယ်မှာလဲ ပြစမ်း"

"ဒီမှာပါဗျ"

လွှမ်းဝေနိုင် သူ့တင်ပါးကိုသူ လက်နှင့်ရစ်ပြသည်။

"ဒီမှာ"

"မှန်း"

သူဝိုင်းပြရာကို သူကြီး မှန်ဘီလူးနှင့် ဖြဲချောင်းလိုက်သည်။

"ဟယ်"

သူကြီးမျက်လုံးပြူးသွားသည်။

"တွေ့ပြီလား၊ တွေ့ပြီလား"

"ဝဲချည်းပဲ"

"အာ သူကြီးကလဲ"

"ဟာ တွေ့ပြီ၊ တွေ့ပြီ၊ ဒီမှာ ဟော့ ဟော့ ရေ ရေယူပေးစမ်း"

"ဟော့ ရေတဲ့ဟော့၊ ရေတဲ့ လုပ်ပါဦး"

"ရေအမြန်ခပ်ကြပါဟော့"

အားလုံးအလုပ်တွေရှုပ်ကုန်၏။

"သူကြီး ကျွန်တော် ကျွန်တော် အေးတယ်နော်၊ အခုတောင်"





မှန်ပေ၏။ ကာလသည်ကလည်း ဆောင်းတွင်းကာလ။ လေအသလပ်ခံထားရတာကလည်းကြာ။ ထို့အပြင် ရေကြောက်၍ပင် ရေမချိုးသော သူ့ခမျာ ဟိုက ရေပါတောင်းနေပြီဆိုတော့ စဉ်းစားသာကြည့်။

"ရေရပြီ သူကြီး၊ ဒါပေမယ့် ရိုးရိုးရေမရဘူး၊ ရေခဲရေပဲ ရတယ်"

"အေး ရတော့လည်း ရတာပေါ့ကွာ၊ ပေးစမ်း"

ဆိုကာ သူကြီး ရေခဲရေကိုယူပြီး

"ကဲ ဟောဒီနားမှာ အသေအချာကြည့်ကြ"

ဆိုပြီး လွှမ်းဝေနိုင်တင်ပါး ရေခဲရေနှင့် တောက်လိုက်သည်။

"ဖလပ်"

"အားလားလား"

လွှမ်းဝေနိုင်အော်သံ။

"ဟယ်"

ကြည့်ရှုသူအားလုံး အံ့အားသင့်သွားသည်။ ထွက်လာသော အသံက

"အသည်းပုံကြီး"

မှန်ပေသည်။ အသားထက် အနည်းငယ်ဖြူသော အဝိုင်းက အသည်းပုံကြီးပေါ်နေ၏။

"ဟင် ဝလုံးပေါ်ရမှာဆို၊ ဘယ့်နှယ် အသည်းပုံပေါ်နေရတာတုန်း"

"အေးလေ ဝလုံးဆိုပြီး အသည်းပုံပေါ်တော့ အကြုံးဝင်ပါ့မလား"

လူတွေ၏အမေးစကားကို သူကြီးက ရိပ်မိပြီး

"ဟော့ကောင် လွှမ်းဝေနိုင်၊ တင်ပါးမရှုံ့ထားနဲ့လေ၊ မင်းတင်



www.burmeseclassic.com

www.burmeseclassic.com



ပါးကြီးရှုံ့လိုက်တော့ ဝလုံးကနေ အသည်းပုံကြီး ဖြစ်နေပြီ"

သူ့စကားကို ကိုလွှမ်းကလည်း ငိုမဲ့မဲ့နှင့်

"အာ အေးပါတယ်ဆိုမှ တင်ပါးကို ရေခဲရေနဲ့လာတောက်တော့ မရှုံ့ဘဲ နေမလားဗျ၊ ကိုယ်ချင်းကိုမစာဘူး"

သူကြီးက ကျွန်တော့်ဖက်လှည့်ပြီး

"ဟော့ကောင်မောင်ကြည် ဝလုံး မဟုတ်ဘဲ အသည်းပုံဆိုရော မရဘူးလား"

"No"

တစ်လုံးတည်းသာ ပြန်ဖြေလိုက်သည်။ ဆယ်သိန်းပေးရမည့်အရေး စိတ်လွယ်၍မဖြစ်။

"ဟော့ကောင် လွှမ်းဝေနိုင်၊ တင်ပါးမရှုံ့ထားနဲ့လေ၊ မင်းတင်ပါးကြီး ရှုံ့လိုက်တော့ ဝလုံးကနေ အသည်းပုံကြီး ဖြစ်နေပြီ''

"ကဲ ဒါဖြင့်လည်း မောင်လွှမ်း ခဏအောင့်ကွာ၊ ကင်မရာတွေ အသင့်ချိန်ထား"

အားလုံး အသင့်ပြင်ကြသည်။

"ကဲ ပက်ပြီ"

"ဖြန်း"

ရေထိသည်နှင့် သူ၏တင်ပါးတွင်

"ဟင် အသည်းပုံကြီး"

"ဟော ထဆင်ထူး ဖြစ်သွားပြီ"

စသည်ဖြင့် ဘယ်လိုမှ ဝလုံးကို မဖြစ်နိုင်ရှာ။ ဖြစ်ချင်တော့လည်း ရေနှင့်တောက်လိုက်မှ ကံစမ်းမဲတံဆိပ်ကလေးက





အရောင်လက်ပြီး မြင်ရနိုင်ဖွယ်ဖြစ်နေတော့ ရေနှင့်သာ ဆက်၍တောက်နေရရှာသည်။ ရေနဲ့တောက်လိုက်တိုင်း သူ၏တင်ပါးဆုံမဲမဲကြီးမှာ ရှုံ့ရှုံ့သွား၍ ဝလုံးဝိုင်းကို မမြင်ရ။ အသည်းပုံဖြစ်လိုက်၊ ထဆင်ထူးဖြစ်လိုက်၊ အင်္ဂလိပ်အက္ခရာ (၈)ဂဏန်းဖြစ်လိုက်နှင့် ဖြစ်နေရရှာသည်။

သို့သော် မလျော့သောဇွဲလုံ့လဖြင့် ဆရာတပည့်နှစ်ယောက် ရေတောက်ကစားကြရာ နှစ်နာရီကျော်ကြာသောအခါသမယ၌ ဝလုံး (ဇီးရိုး)တည်းဟူသော အဝိုင်းကြီးနှစ်ခု ပေါင်မုန့်ညိုကြီး မီးကျွမ်းထားသည့်သဖွယ် တင်ပါးတစ်ဖက်တစ်ချက်တွင် ခန့်ခန့်ထည်ထည်ကြီး ပေါ်လာလေတော့သတည်း။

ပျော်နိုင်ပြီပေါ့။

မဟုတ်ပါ။

× × ×



www.burmeseclassic.com

www.burmeseclassic.com





ဤတွင် တစ်ခုခက်သည်က ကျွန်တော့်ကံစမ်းမဲမှာ ဇီးရိုးနှင့် လုံးပေါ်လာရုံနှင့် ကံစမ်းမဲပေါက်ခြင်းမဟုတ်သေး။ အလည်၌ တစ်ဂဏန်းတစ်ခုပါ သပ်ရပ်စွာပေါ်လာမှ ကံစမ်းမဲအပြည့်အစုံ ပေါက်မည်ဖြစ်၍ အလည်က တစ်ဂဏန်းကို ချွေးတလုံးလုံးနှင့် ရှာကြရပြန်သည်။

"အေး တင်ပါးတစ်ဖက်တစ်ချက်စီမှာ ဇီးရိုးဂဏန်းပေါ်လာတာတော့ ဟုတ်ပါပြီ၊ တစ်ဂဏန်းက ပါရောပါရဲ့လား မောင်ကြည်"

"ပါပါတယ်ဗျာ၊ တစ်ဂဏန်းကို မထင်ရှားမှာစိုးလို့ မှိုပွင့်ကြီး





လိုကို ရေးထားတာ"

"ဟင် ဒါဆို ဘယ်ကိုဝင် ဟင် ဟင်"

လွမ်းဝေနိုင် မျက်လုံးပြူးသွားသည်။ ဒါကို သူကြီးက

"ကဲ ငါတို့ရှာတာလည်းကြာပြီ၊ ဘယ်လိုမှ ရှာမရဘူး၊ မောင်လွမ်း မင်းဘာသာမင်း ပြန်ရှာကြည့်ကွာ"

"ဒါဖြင့် မှန်ထောင်ပေးဗျာ"

ကိုယ်လုံးပေါ်မှန် ရှာရပြန်သည်။

ပြီးနောက် လွမ်းဝေနိုင်မှာ အခန်းတစ်ခန်းထဲဝင်၍ ပိုဇေရှင်အမျိုးမျိုးနှင့် မှိုပွင့်သဖွယ် တစ်ဂဏန်းကို ရှာရလေသည်။

မတ်တတ်ရပ်၍ ရှာသည်။

လေးဖက်ထောက်၍ ရှာသည်။

ဆောင့်ကြောင့်ထိုင်၍ရှာသည်။

သို့သော် ငွေဆယ်သိန်းဟူသော ကံကြမ္မာက သူ့ဖက်ပါမလာတော့။

ထိုမှိုပွင့်မှာ ပျောက်ချင်းမလှ ပျောက်သွားရှာလေသည်။ သူ့ဘာသာသူ နေရာများ ဝင်သွားတာလား။

သို့တည်းမဟုတ် သူကြီး ရေနဲ့ တောက်လိုက်လို့ပဲ လန့်ပြီးပျက်သွားတာလားတော့မသိ။ ထိုတစ်ဂဏန်းကို လုံးဝရှာ ရေ့။

တချို့ကလည်း ထိုတစ်ဂဏန်းကို

ကိုလွမ်းဝေနိုင်
ကတော့ သူ့ကို
ငွေဆယ်သိန်းနှင့်
များပြီး
စာနယ်ဇင်းရှေ့
ပင်လှန်ခိုင်းတာဟု
တစ်ပက်သတ်
စွပ်စွဲပြီး ဒိုပွဲဆင်၏၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကညစ်ပြီး ထည့်မပေးတာဟု စွပ်စွဲကြသည်။ ကိုလွမ်းဝေနိုင်ကတော့ သူ့ကို ငွေဆယ်သိန်းနှင့်မျှားပြီး စာနယ်ဇင်းရှေ့ ဖင်လှန်ခိုင်းတာဟု တစ်ဖက်သတ်စွပ်စွဲပြီး ငိုပွဲဆင်၏။ သူ့ခမျာလည်း စာနယ်ဇင်းရှေ့ ဖင်လှန်ပြရသောသော အဖတ်တင်၍ ငွေမှမရတာကိုး။ ကျွန်တော့်ကို အပြစ်တင်မှာပေါ့။

သို့သော် ကျွန်တော်မဲမလိမ်ကြောင်း မကြာခင် သူတို့သိသွားရပါသည်။

အဘယ်ကြောင့်ဆိုသော် နောက်တစ်ယောက် တကယ်ကံစမ်းမဲ ပေါက်ပြန်၍ဖြစ်သည်။ ထိုသူက Heart Care ဂျာနယ်ပိုင်ရှင် စာရေးဆရာမာဂျေ ဖြစ်ပါသည်။

× × ×







မာဂျေမှာ မဲပေါက်သည်မှန်သော်လည်း ကျွန်တော့်ဆီက ငွေဆယ်သိန်းတော့မရရှာ။ အဘယ်ကြောင့်ဆိုသော် သူသည်လည်း လွမ်းဝေနိုင်လို မမြင်ကွယ်ရာ၌သာ ဇီဝမ်းဇီဂဏန်းပေါ်၍ စာနယ်ဇင်းစုံရာရှေ့ ဖင်လှန်ပြရမည်ကို ရှက်သောကြောင့် သူ့ ယ်ချင်း ဖြစ်သူ ဇော်သက်ထွေးအားခေါ်ယူ၍ ဓာတ်ပုံရိုက်ပါသည်။

ဤတွင် ပြောစရာရှိသည်ကား ဇော်သက်ထွေးဆိုသူသာ ကဗျာဆရာ ဇာတ်ညွှန်းရေးဆရာဖြစ်သည့်အလျောက် မာဂျေ၏ပုံကို ရိုးရိုးတန်းတန်းမရိုက်။



www.burmeseclassic.com

www.burmeseclassic.com



ငွေဆယ်သိန်းနှင့် တူတန်စေရန် ကမ္ဘာ့ညို့မင်းသမီး မာရီလင်မွန်ရိုးဝတ်စုံကို ငှား မာရီလင်မွန်ရိုးဆံပင်တုကိုရှာ မာဂျေ အားဝတ်စေပြီး မာရီလင်မွန်ရိုး၏ကမ္ဘာကျော် ဓာတ်ပုံတစ်ပုံဖြစ်သော လေအတိုက်တွင် စကတ်လန်သွားသည်ကိုရှက်ပြီး ပြန်အုပ် လိုက်သည့်သဖွယ် လက်တစ်ဖက်၏လက် ညှိုးကို ပါးစပ်၌ကိုက် တစ်ဖက်က အရှေ့ ဂါဝန်စကိုဆွဲချ။ သုံးချိုးနှစ်ချိုးကုန်းကွ၍ အနောက်က ဖင်ပေါ်။ ထိုပေါ်နေသော ဖင် နက်နက်ကြီးတွင်မှ ကျွန်တော့်၏ ပေါက် ဂဏန်း ဇီးဝမ်းဇီးက ထင်းခနဲဖြစ်။ ကြာညို့ ညို့မျက်နှာနှင့် ဇီးဝမ်းဇီး ကျက်သရေထင် သာအောင်ရိုက်ထားခြင်းဖြစ်၏။

လူမဲမဲကြီးက ဆံပင်ဖြူဖြူ ဂါဝန်ဖြူဖြူဝတ်ပြီး ကုန်းကုန်းကြီး မခိုတရို ပြုံးနေသည်ဆိုတော့

မိတ်ဆွေများ မြင်ကြည့်ပါ။ လူမဲမဲ ကြီးက ဆံပင်ဖြူဖြူ ဂါဝန်ဖြူဖြူဝတ်ပြီး ကုန်း ကုန်းကြီး မခိုသာရို ပြုံးနေသည်ဆိုတော့ စဉ်းစား သာကြည့်။ မည်မျှကျက်သရေချို့တဲ့မည်ကို။

ထိုပုံကို မိတ်ဆွေဓာတ်ပုံဆရာ ဖြစ်သော နာမည်ကျော်ကိုအောင်(Flash memo)ကိုခေါ်၍ အပီအပြင် စိတ်ကြိုက် ရိုက်ထားခြင်းဖြစ်၏။ ထူးခြားသည်က မာ ဂျေတွင် မာရီလင်မွန်ရိုးလိုပင် သူ့ပါးမဲမဲကြီး တွင် မှဲ့တစ်လုံးရှိနေခြင်းပင်။ ထိုမှဲ့ကြီးနှင့် ညို့ညို့ညို့ မျက်ခေါ(မျက်လုံးကြီးခေါနေ





တာပါ) ကြီးအကြည့်နှင့် ပါးစပ်ထဲဝင်နေသော လက်ညှိုး။ သူ၏ပုံကို အမည်ပါပေးထားသေး၏။ မာဂျေလင်မွန်ရိုးဟူ၏။ အဘယ်ကြောင့် မာဂျေလင်ရပြီး ဟိုမွန်က ဘာဝင်လုပ်မှန်းမသိ။

ဤကဲ့သို့ ပိုးစိုးပက်စက် ရှိသမျှ ကျက်သရေ ဖွာလန်ကျဲနေ သောမြင်ကွင်းမျိုး တစ်သက်နှင့်တစ်ကိုယ်လည်း မြင်ဖူးကြမည်မဟုတ်။

(မာဂျေ၏ ထိုအလှဓာတ်ပုံ မာဂျေလင်မွန်ရိုး လိုချင်သူများ ဆက်သွယ်ပါ။ ကူးပေးပါ့မည်)

မာဂျေနှင့်ဇော်သက်ထွေးမှာ ကံစမ်းမဲဂဏန်းကို ကဗျာဆန် ဆန်တင်ပြသော်လည်း ခက်သည်က မာဂျေကံစမ်းမဲပေါက်သည်မှာ မှန်သော်လည်း သူတို့နှစ်ယောက်သုံးယောက်လောက်သာ သိခြင်း မြင်ခြင်း ဖြစ်သောကြောင့် ကံစမ်းမဲမူဝါဒအရ အကျုံးမဝင်။ စာနယ် ဇင်းစုံရာရှေ့ ကိုယ်တိုင်ကိုယ်ကျပြ။ စစ်ဆေးပြီးမှ ရမည်ဖြစ်သော ကြောင့် မာဂျေခမျာလည်း အလှဓာတ်ပုံတစ်ပုံသာ အဖတ်တင်၍ တစ်ခန်းရပ်ရရှာပြန်လေတော့သတည်း။

× × ×



www.burmeseclassic.com

www.burmeseclassic.com





ဤသို့ဖြင့် ကျွန်တော်၏တစ်ရှူးဂျာနယ်မှာ မပေါ်ခင်ကပင် ကျော်နှင့်နေပြီ။

သို့သော် နာမည်ပျက်နေသည်က ကျွန်တော်ပေးသော ကံစမ်းမဲမှာ စာနယ်ဇင်းမှ ကျွန်တော့်ဘော်ဒါတွေချည်း ပေါက်နေ၍ သို့လောသို့လောဖြင့် ထင်ကြေးပေးနေကြကုန်ပြီ။

"ဒါဟာ အကြည်တော် တမင်သက်သက် အကွက်ချစီမံတာ"

ဟူသောအသံများ ဟိုတစ်စဒီတစ်စ ထွက်လာ၏။

"သူကြည့်မရတဲ့သူတွေကို အကွက်ဆင်ပြီး လူရှေ့သူရှေ့





အရှက်ခွဲတာ"

ဟူသည်များလည်း ကြားရ၏။

ထိုထက်ပို၍ အထင်လွဲစရာ ကောင်းသည်က ကံစမ်းမဲပေါက်သူများမှာ စာနယ်ဇင်းမှ ကျွန်တော်နှင့် သောက်ဖော်သောက်ဖက်များ ဖြစ်သည့်အပြင် အသားပေါ်တွင် အနက်ရောင်ပေါ်ခဲလှသော ကြိုတင်မဲနှင့် ဆန္ဒမဲများသာ ဖြစ်နေခြင်းနှင့် မဲပေါက်သည့် နေရာအစိတ်အပိုင်းမှာလည်း နေရာဌာနကအစ တူနေခြင်းက လူတွေပို၍ မသင်္ကာစရာ ဖြစ်နေသည်။ ထို့ကြောင့် ဒီတစ်ခါသာ စာနယ်ဇင်းက အသားမဲ တစ်ယောက်သာ ထပ်မံပေါက်ပါက "ဒါဟာ မဲလိမ်ခြင်းသာဖြစ်ပါကြောင်း"အကွက်ကျကျ စွပ်စွဲရန် အခွင့်အခါ ချောင်းနေကြပါတော့သည်။

TV ချာနယ်များမှပင် ပေါက်မဲဖွင့်ပွဲကို အချိန်နှင့်တပြေးညီ တစ်ပြည်လုံး ပြသနိုင်အောင် ကြိုးပမ်းကြလေပြီ။

သိပ်မကြာပါ။ ကိုယ်ကပဲ ကံဆိုးလား၊ ကံကောင်းလားမသိ။ နောက်တစ်ယောက် မဲထပ်ပေါက်၏။

"ဇေယျာမြတ်ခိုင်"

ဇေယျာမြတ်ခိုင် ကံစမ်းမဲ ထပ်ပေါက်ပြီဟူသောသတင်းမှာ အားလုံးအတွက် မျက်လုံးပြူးစရာ ဖြစ်လာသည်။

"ဟုတ်ရဲ့လား၊ ဒီကောင်တွေ ပုလင်းတူဘူးဆို့တွေ တမင်များ အကွက်ချစီမံတာ



www.burmeseclassic.com

www.burmeseclassic.com



လား"

ဟူသောအသံများ လျှံထွက်လာ၏။ နောက်မှ

"အို ဘာဖြစ်လဲ၊ စာနယ်ဇင်းစုံရာရှေ့ ရှင်းကြမှာပဲ၊ အဲဒီတော့ ကြည့်ကြတာပေါ့"

ဟူ၍ ‌ဝေးထားလိုက်ကြသည်။ ဇေယျာမြတ်ခိုင်ကလည်း ပြတ်သည်။

"မီဒီယာအစုံရှေ့မှာ ပေါက်မဲကို ပြမယ်"

ဆိုသည်ကြောင့် အားလုံးစိတ်ဝင်စားသွားကြသည်။ TV ချာနယ်များမှပင် ပေါက်မဲဖွင့်ပွဲကို အချိန်နှင့်တပြေးညီ တစ်ပြည်လုံး ပြသနိုင်အောင် ကြိုးပမ်းကြလေပြီ။

ဤသို့ဖြင့် ပေါက်မဲဖွင့်ရန် အချိန်ကျလာလေပြီ။

× × ×







ဇေယျာမြတ်ခိုင်က မီဒီယာအလယ် လုံချည်မ,၍ ကွေနေအောင် နေသည်။

အားလုံးကို ခပ်တည်တည်ဝေ့ကြည့်ပြီး

"အားလုံးစုံပြီနော်"

"စုံပြီ၊ စုံပြီ၊ ပြပါတော့ဗျို့"

လူတွေက ကင်မရာအားလုံးအဆင်သင့်။

ဇေယျာက သူများနှင့်မတူအောင် နှစ်ပိုင်းတစ်ပိုင်းတုန်းချလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"လူစုံရင် ဟောမှာကြည့်"

ဆိုကာ လုံချည်အလုပ်

"ဟယ်"

"အလို"

"ဘယ်လိုကြီးလဲဟ"

ဟူသော အာမေဋိတ်သံများ ထွက်ပေါ်လာ၏။ နောက် တစ်စွန်းတစ်စ ထွက်လာသည့်အသံက

''အေး ကျုပ် နိုင်ငံရေးဂျာနယ် ကိုင်ပြီးကတည်းက ခင်ဗျားတို့ မီဒီယာအားလုံးကို ဖင်လှန်ပြချင်နေတာ၊ အခု လှန်ပြခွင့်ရလို့ လှန်ပြတာ၊ ဒါပဲ''

"ဟယ် ဘာမှလည်းမပါဘူး"

"အပြောင်ကြီးပဲ"

"ဘယ်မှာလဲ ပေါက်မဲက"

အားလုံး၏အမေးကို ဇေယျာက ခါးကိုပြန်မတ်ပြီး

"ဘာမဲမှ မရှိဘူး"

"ဟင်"

"ဘယ်လို"

"ဒါဆို ဘာလုပ်"

အားလုံးအမေးကို ဇေယျာက ခပ်တည်တည်ဖြင့်

"အေး ကျုပ် နိုင်ငံရေးဂျာနယ်ကိုင်ပြီးကတည်းက ခင်ဗျားတို့ မီဒီယာအားလုံးကို ဖင်လှန်ပြချင်နေတာ၊ အခု လှန်ပြခွင့်ရလို့ လှန်ပြတာ၊ ဒါပဲ"

ဆိုကာ ခပ်ပြတ်ပြတ်ပြောရင်း ထွက်ချသွား၏။





အားလုံး ကြောင်ကာရော့။

ထို့နောက်ကမှ ပြည်သူတစ်ရပ်လုံးက မျက်နှာပြောင်တိုက်သော(အမှန်တော့ မျက်နှာပြောင်တိုက်တာ မဟုတ်ပါဘူး၊ ဘာပြောင်တိုက်လဲဆိုတာ ဖတ်ပြီးသိပြီးလောက်ပါပြီ)

ကျွန်တော်၏ တစ်ရှူးဂျာနယ်ကလေးမှာ သိတော်မူကြသည့်အတိုင်း အများဆန္ဒအရ ပြုတ်ပြုတ်ပြုန်းရှာလေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com





"စာနယ်ဇင်းကူညီမှုအသင်းအနေနဲ့ ရုပ်ရှင်ရိုက်မယ်"

ထိုစကားကို ကျွန်တော်က စတင်နိုးကြားလိုက်သည်။

ကိုယ့်လူများကလည်း ကပ်၍ပါလာကြသည်။ သိတယ်မဟုတ်လား။ ဒီမောင်တွေက လူသာပုံမလာတာ၊ အားလုံးက ကျွန်တော့်လိုပဲ မင်းသားရူး။

ကိုမျိုးတို့ ကိုသျှိတို့ဆိုတာ ငယ်စဉ်က မင်းသားဖြစ်ချင်လို့ စာနယ်ဇင်းထဲ ဝင်လာတာ။

နောက်တော့ အိမ်ထောင်တွေဘာတွေကျ မိန်းမကြောက်





ရတာနဲ့ အဲဒီဖက်ကို လက်လွှတ်လိုက်ရတာ။ ဩော် မိန်းမကြောက်တယ်၊ မိန်းမကြောက်တယ်နဲ့ ကြောက်လည်းကြောက်သင့်ပါတယ်။ ပြောရဦးမယ်။

တစ်ခါသား ကိုသျှိမိန်းမက ကိုမျိုးမိန်းမဆီသွားပြီး

"ကူးမရေ ငါ့ကို ဒန်အိုးလေး ခဏငှားပါလား"

ဆိုတော့ ဟိုက ဘာပြောတယ်မှတ်လဲ

"ကိုယ့်ယောကျ်ားကိုယ်ထုချင်ရင် ကိုယ့်ဘာသာကိုယ် ဝယ်ထားပါလား၊ ဒီဒန်အိုးကြီးငှားလိုက်တော့ ကိုမျိုးလာရင် ကျွန်မ ဘာနဲ့ ထုရမှာလဲ"

ပြတ်ကရော။

ကိုယ့်အစ်ကိုတွေကလည်း အရင်ဘဝက ငါးဖယ်တွေလား မသိပါဘူး။ ထုလေမာလေပဲ။

ဒါတောင် ကျော်သိဟတို့ လွမ်းဝေနိုင်တို့ကို မမီဘူး၊ ဟိုလူတွေက ပိုဆိုးသေး၊ မိန်းမကို မိုင်တစ်ရာအကွာကကို ကြောက်တာ။

ခရီးတွေဘာတွေထွက်ရင် အိမ်ကထွက်တာနဲ့ သောက်လိုက်တဲ့အရက်။ အိမ်ပြန်လာပြီဆိုတာနဲ့ အိမ်နဲ့မိုင်တစ်ရာအကွာ ပတ်ဝန်းကျင်ရောက်တာနဲ့ အရက်ကပြတ်ပြီ။ မိန်းမ အနံ့ရမှာစိုးလို့တဲ့။

ကိုင်း ထားပါဦး။

ယခုလို စာနယ်ဇင်းကူညီမှုအသင်းအနေနှင့် ရုပ်ရှင်ရိုက်မယ်ဆိုပြီး ကြော်ငြာပြီးသကာလ ရုပ်ရှင်ရိုက်ကူးရေးကော်မတီအနေနှင့် အဖွဲ့ဖွဲ့ပြီး တိုင်ပင်ကြရလေသည်။

"ရုပ်ရှင်ရိုက်မယ်ဆိုပြီး မင်းသားမင်းသမီးတွေ မှားရိုက်ရတော့တုံးပါတယ်"

ကျွန်တော့်စကားကို လက်ခံကြသည်။

"ကျွန်တော်တို့ စာနယ်ဇင်းမှာလည်း ရုပ်ရှိတဲ့သူတွေ မနည်း



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး"

လွမ်းဝေနိုင်က သူရုပ်ရှိကြောင်း ကော်လံထောင်ပြသည်။ အကျီသာမြင်၏။ မျက်နှာက မဲနေ၍မမြင်ရ။

အောင်စိုးသူကလည်း သူ့ကိုမမြင်ဖြစ်မည်စိုး၍ စားပွဲပေါ် ကုတ်တက်သည်။

"ရှေးယခင်ကလည်း ဆရာသော်တာဆွေတို့၊ ဆရာအောင်လင်းတို့ စသည့်စာရေးဆရာများစုပြီး ဝဇီရာရုံမှာ ပြဇာတ်ကပြီး အောင်မြင်ခဲ့ကြတာပဲ"

ကျွန်တော်က အမှုတွဲခိုင်မာအောင် ရှေးယခင်က အဖြစ်နှင့် စချည်သည်။

"စာရေးဆရာဆိုတာက ရုပ်ရှင်မင်းသားလို မဟုတ်ဘူးလေ၊ မြင်ချင်တိုင်းလည်း မြင်ရတာမှ မဟုတ်တာ ဟုတ်ဘူးလား"

ဘယ်သူမြင်ချင် မမြင်ချင် ကိုယ့်ကိုကိုယ်တော့ စန်းတင်ရသည်။

အမှန်တော့ ကျွန်တော်တို့လိုမျက်ခွက် မည်သူကမှ မြင်ချင်သည်မဟုတ်။

သို့သော် စကား,ကား ကား၏။

"အခုလည်း ဒီလိုမြင်ရခဲတဲ့ ကျွန်တော်တို့လို စာရေးဆရာတွေစုပြီး ရုပ်ရှင်တစ်ကားရိုက်ရင် ကောင်းမလားလို့"

"မင်းသားက ငါလား"

အောင်စိုးသူက ခုံပေါ်က ကုန်းရုန်းထပြီးမေးသည်။ ဒါကိုကျော်သီဟက

"ကျုပ်လို ရွှေကိုင်းမျက်မှန်နဲ့ ခန့်ခန့်ထည်ထည်လူမှ ဖြစ်မှာပေါ့"

လွမ်းဝေနိုင်ကပါ ဝင်၍





"သွားစမ်းပါ၊ အသားအရည်ချင်း ယှဉ်လိုက်ပါဦး"

သို့သူအောင်က

"နေပါဗျာ၊ နေ့ခင်းဆယ့်နှစ်နာရီတောင် အရိပ်ကျသလောက် မြင်နေရတဲ့သူက"

ဤသို့ဖြင့် မင်းသားလုပ်ချင်သူတွေက များနေပြန်သည်။

ကျွန်တော်က အားလုံးမစုံခင် လက်ကာပြပြီး

"တော်ကြပါဗျာ၊ ဒီလိုလုပ်၊ ပရိသတ်အသိများတာ ဘယ်သူရှိလဲ၊ ရှိတဲ့သူ မင်းသားလုပ်ပေါ့"

ကျွန်တော့်စကားကြောင့် အားလုံးကြောင်သွားသည်။

"အားလုံးသည်း ခေါင်းဆောင်မင်းသားနေရာရအောင် လူစွမ်းကောင်း (၇)ယောက်ကားရိုက်ကြရအောင်"

ကျွန်တော်က အားတက်ပြီး

"ပရိသတ် အသိအများဆုံးက ကျွန်တော်ပဲမဟုတ်လား၊ ဒါကြောင့် မင်းသားနေရာ ကျွန်တော်"

"သွားစို့"

"အေး အရည်မရ အဖတ်မရ ဆွေးနွေးနေမယ့်အတူ ပြန်တာပဲကောင်းတယ်"

"ဝါး အစောကြီးကတည်းက အိပ်ချင်နေတာ၊ ပြောရမှာ အားနာလို့"

ဆိုကာ အားလုံးထပြန်ကြလေရာ



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟေ့လူတွေ၊ ကျွန်တော်ပြောတာ နားထောင်ကြပါဦး၊ ကျွန်တော်ဆိုလိုတာက ကျွန်တော်အပါအဝင် ခင်ဗျားတို့ပါ"

"အဲလိုလုပ်ပါကွ"

"အစကတည်းက မပြောဘူး"

"ငါက သွားစရာမရှိပါဘူး၊ ဘယ်မှမသွားဘူး"

ဆိုကာ ပြန်ထိုင်ကြပြန်သည်။ ထိုတော့မှ ကျွန်တော်က

"အားလုံးလည်း ခေါင်းဆောင်မင်းသားနေရာရအောင် လူစွမ်းကောင်း(၇)ယောက်ကား ရိုက်ကြရအောင်"

အားလုံး မျက်လုံးများ အရောင်တွေလဲ့ကုန်၏။

"လူစွမ်းကောင်း(၇)ယောက်၊ ဘယ်သူတွေလဲ"

× × ×







အောင်စိုးသူ၊ လွမ်းဝေနိုင်၊ ကျော်သီဟ(ဟသ်ာတ)၊ ကိုမိုး(မြန်မာစာ)၊ သျှီသူအောင်၊ ဇေယျာမြတ်ခိုင်၊ အကြည်တော်။

စသည့် စာနယ်ဇင်း(၇)ဦး ပါဝင်သော လူစွမ်းကောင်း(၇)ယောက် ရုပ်ရှင်ဇာတ်ကားရိုက်မည့်အစီအစဉ်မှာ မီဒီယာလောကတွင် တုန်ဟီးနေလေတော့သည်။

ထိုဇာတ်လမ်းကို ရိုက်ချင်သူများကလည်း ဒုနဲ့ဒေး။

ကျွန်တော်တို့က ဘယ်သူ့မှ ပေးမရိုက်ဘဲ ကိုယ့်ဘာသာကိုယ် ရိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ရိုက်တော့ ထင်သလောက်မလွယ်။ အဘယ်ကြောင့် ဆိုသော်

"အောင်စိုးသူနဲ့ဇေယျာ ခုံခုပါဟ"

"မရတော့ဘူးဆရာ၊ ခုံအမြင့်ကိုက လေးပေဖြစ်နေပြီ"

"လွမ်းဝေနိုင်နဲ့ ကျော်သီဟဆီ မီးထိုးပါဟ"

"ကုန်ပြီဆရာ၊ စုပြုံထိုးတာတောင် အရောင်က မတက်ဘူး"

"ကိုကြည်မျက်နှာကြီး ဘယ်လိုလုပ်မလဲ"

"ဘာလို့လဲ"

"ဒီလောက်ရွှံ့စောင်းနေတာ၊ တော်ကြာ ဖလင်အစုတ်နဲ့ရိုက်လို့ ရွှံ့တယ်ထင်နေဦးမယ်"

လူ(၇)ယောက်က ဘယ်လိုမှ ညှိမရ။

အောင်စိုးသူ၊ ဇေယျာ၊ ပုတာကြီးတင်ပု၊ ကျော်သီဟ၊ လွမ်းဝေနိုင်မဲတာ ကြိုးတင်မဲ၊ ကျွန်တော့်မျက်နှာရွှံ့တာ ကြိုတင်ရွှံ့မို့ ဘယ်လိုမှ ပြင်လို့မရ။

ရွှံ့တာကိုဗျာ။ အခုမရွှံ့နဲ့လို့ ဘယ်လိုပြောရမလဲ။ မဲတာကိုလည်း အခုမမဲနဲ့လို့ ပြောလို့ရမလား။ မမွေးခင်ကတည်းက ကြိုတင်မဲပါဆို။

နေပြောင်ပြောင်မှာ မီးကုန်ထိုးတာတောင် အရောင်မတက်လေတော့ မည်သို့ပြုရမည်နည်း။

ကြာတော့လည်း အင်မတန် ချောင်ချောင်ကလေးနှင့် ငွေရမှန်းသိသော အလုပ်ကိုပင် လုပ်ချင်စိတ်မရှိတော့ဘဲ စိတ်ညစ်လာမိသည်။

ပုတဲ့သူကပု၊ မဲတဲ့သူကမဲ၊ ရွှံ့တဲ့သူက ရွှံ့မို့ ဘယ်လိုမှ စိတ်မရှည်နိုင်တော့ဘဲ ဆေးပေါ့လိပ်တစ်လိပ်ကို ထုတ်၍ ခဲလိုက်မိသည်။

"ဟာ"





ကင်မရာမင်း၏ အာမေဋိတ်သံ။ နောက် ကင်မရာမှန်ဘီလူးပေါက်ကို ချောင်းရင်း

"ကိုကြည် ကိုကြည် အဲဒီအတိုင်းနေ"

ဆို၍ ဘုမသိဘမသိနှင့် ဆေးပေါ့လိပ်ကြီးကိုက်ပြီး ငြိမ်နေမိသည်။

"ဟာ ထူးဆန်းလိုက်တာဗျာ"

ကင်မရာမင်း၏ အားရပါးရ အော်သံ။

ကျန်သူများ အံ့အားသင့်သွားပြီး

"ဘာတွေများ ထူးဆန်းနေလို့လဲ"

"ကိုကြည်တစ်ယောက်ပဲ အဲဒီအတိုင်းနေ၊ ကျန်တဲ့သူတွေ ဒီမှာလာကြည့်ကြစမ်း"

ဆို၍ သွားကြည့်ကြသည်။

"ဟာ ဘယ်လိုဖြစ်တာလဲ"

"ဟာ အထူးအဆန်းပဲ"

"ဒါမျိုး ဒါမျိုးလည်း ဖြစ်တတ်လား"

စသည်ဖြင့် အသံတို့စုံနေသည်။ ကျွန်တော်လည်း သူတို့ကိုကြည့်၍ အံ့အားသင့်သွားပြီး ဆေးပေါ့လိပ်ကိုခဲရင်း

"ဘာဖြစ်လို့လဲဗျ"

ဆိုသည်ကို ကင်မရာမင်းက

"ထူးဆန်းလိုက်တာ ကိုကြည်ရာ၊ ခင်ဗျားရဲ့ရွှံ့စောင်းနေတဲ့ ပါးစပ်ပြဲပြဲကြီး၊

ထူးဆန်းလိုက်တာ ကိုကြည်ရာ၊ ခင်ဗျားရဲ့ ရွှံ့စောင်းနေတဲ့ ပါးစပ်ပြဲပြဲကြီး ဆေးပေါ့လိပ် ခုဒိုက်တော့ ပြုံးတည့်သွားတာဘူ



www.burmeseclassic.com

www.burmeseclassic.com



ဆေးပေါ့လိပ်ခုလိုက်တော့ ပြန်တည့်သွားတာဗျ၊ ကျွန်တော်ဖြင့် တစ်ခါမှ မကြုံဖူးဘူး"

"ဟင်"

သူပြောလိုက်မှ ကိုယ့်ကိုကိုယ်ပင် အံ့အားသင့်သွားရလေသည်။ ဒီလောက်ရွဲ့စောင်းနေတဲ့ မျက်နှာကြီး ဆေးပေါ့လိပ်ခုလိုက်မှ ပြန်တည့်သွားသတဲ့။

"ဟာ ခင်ဗျားတို့ဟာ ဟုတ်ရဲ့လား"

ဆိုပြီး ဆေးပေါ့လိပ်ကို မှုတ်လိုက်ရာ

"ဟာ့ ပြန်ရွဲ့သွားပြီ"

"ထွီ ကျက်သရေတုံးလိုက်တာ၊ ဆေးပေါ့လိပ်ပြန်ခဲပါဗျို့"

"လုပ်ပါ ဆေးလိပ်ခဲပါ"

ဆို၍ ဆေးပေါ့လိပ် ပြန်ခဲလိုက်ရသည်။

"တွေ့လား၊ ပြန်တည့်သွားပြီ၊ အော့ ဒီထက်ကြီးတဲ့ ဆေးပေါ့လိပ် မရှိဘူးလား၊ သူ့ပါးစပ်ကြီးမှာသွားတပ်ပေးကြည့်စမ်း"

"ရှိတယ်ဆရာ၊ ရော့ ဒါလေးကိုက်ကြည့်"

ပိုကြီးသည့်ဆေးလိပ်ကြီးလာပေး၍ ကိုက်ကြည့်လိုက်တော့

"ဟား ဟုတ်မှဟုတ်ရဲ့လား"

"ဟင် ကမ္ဘာ့အံ့ဖွယ်"

အားလုံးအာမေဋိတ်သံ။ အောင်စိုးသူက သူ့ဝတ်စုံချွတ်ပြီး

"မောင်ကြည်နဲ့ပဲ ရိုက်လိုက်တော့ဟေ့၊ ဒီလောက်ဆိုဖြစ်ပြီ"

ကျန်သူများကလည်း

"အေး ရန်ပုံငွေပွဲပဲကွာ၊ သူ့ပုံမျိုးနဲ့ ရန်ပုံငွေရလည်း ပြီးတာပဲ"

"ငါတို့မပါလည်း ဖြစ်ပြီဟေ့"

ဆိုကာ အားလုံးထောက်ခံကြသည်။





"ဟော့ ဒီထက်ကြီးတဲ့ဆေးလိပ် ရှာကြဦးဟေ့"

မိတ်ဆွေ၊ ဤစာကိုဖတ်ပြီး အထူးအဆန်း ဖြစ်နေပေလိမ့်မည်။ မဖြစ်ပါနှင့်။ ကျွန်တော်၏ မျက်ခွက်ကြီးမှာ နဂိုရ်ရွဲ့ပင်ကိုယ်ရွဲ့ကြီး ဖြစ်သော်ငြား ဆေးပေါ့လိပ်ကြီးကြီးကြီးများနှင့် ဂျမ်းတုံးခုလိုက်သည့်အခါ လွန်စွာတည့်မတ်သွားသည့်အပြင် လွန်စွာလည်း ပဏာတင့်သွားသည်ဟူ၏။

ငယ်စဉ်ကတည်းက ဘဲဥလေးလုံး စီထားသလို ကချော်ကချွတ် ဝါကျင်ကျင်သွားများမှာ တစ်ဖက်နှင့်တစ်ဖက် လမိုင်းမကပ်သည်မှာကြာသော်လည်း ဆယ့်နှစ်ဘီးကား ဂျမ်းတုံးလက်ကိုင်မျှရှိသော ဆေးပေါ့လိပ်တုတ်တုတ်ခဲခဲကြီးကို ခဲလိုက်သည့်အခါ လွန်စွာပဏာတင့်သော ဥပမိတစ်ခွက် ပြောင်ပြောင်ကြီး ထွက်လာလတ္တံ့တော့သည်။

ငယ်စဉ်ကတည်းက ဘဲဥလေးလုံး စီထားသလို ကချော်ကချွတ် ဝါကျင်ကျင်သွားများမှာ တစ်ဖက်နှင့်တစ်ဖက် လမိုင်းမကပ်သည်မှာ ကြာသော်လည်း

ပိုမိုကြီးမားသော ဆေးလိပ်ဖြစ်လေ ဥပမိကြီး ပိုခန့်လေ။ ပိုမိုကြီးမားသည့် ဆေးလိပ်ကြီးဖြစ်လေ ဥပမိက ပိုခန့်လေမို့ ဂျမ်းတုံးလက်ကိုင်တုတ်ခန့်ရှိသော ဆေးပေါ့လိပ်ကြီးထိုးသိပ်လိုက်သောအခါ စုတ်ပြတ်နေသောရုပ်ကလာပ်မှာ မလှုပ်မရှက်နှင့် ကုတ်တက်လာလေတော့သည်။ ဒါတောင်မှ

www.burmeseclassic.com



ပါးစပ်က ဤမျှလောက်သာ ဟနိုင်တော့လို့ ဒီထက်ပိုဟနိုင်လျှင် ဒီထက်ပိုခန့်မည်ဟူလို။

ခက်သည်က ဤမျှကြီး သော ဆေးပေါ့လိပ်ခဲထားရ၍ သွားရည်မကျအောင် မနည်းကြိုးစားရခြင်းပင်။

ကျွန်ုပ်ပုံစံကိုကြည့်၍ ဆေးပေါ့လိပ်ကုမ္ပဏီများကလည်း စပွန်ဆာပေးရှာ၏။

လုံးပတ်တော် နှစ်ကျပ်တစ်မတ်၊ အရှည်တော် တစ်တောင်သာသာရှိသော ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ပါးစပ်ထဲဖြသဲ ထည့်လိုက်သည့်အခါ မီးခိုးမှုံငွေ့ငွေ့ကြား မုတ်ဆိတ်ဖားလျားနှင့် ကျွန်တော့်မျက်နှာမှာ လွန်စွာပဏာရသည့်အပြင် မီးခိုးမှုံများ မွန်ထူမှုနှင့် မျက်ရည်ကျလုလု မျက်ဝန်းမှာလည်း လူတကာကို ညှို့နေသလို အကြည်ဓာတ်နှင့် ပေကလပ်ပေကလပ် ဖြစ်နေသည်ဟူ၏။

"ဒီဆေးလိပ်ကြီးခဲပြီး ကျုပ်က ဘယ်လိုစကားပြောရမလဲ"

ဆိုသည်များကိုလည်း ဒါရိုက်တာတစ်သင်းက

"ဘာစကားမှ မလိုဘူး၊ ရုပ်နဲ့ကိုဖြစ်ပြီဗျာ၊ ဖြစ်ပြီ"

ဆို၍ ဆေးလိပ်ကြီးကိုက်၊ သွားရည်မကျအောင်ထိန်းရင်း တောင်ပေါ်မှာ မြင်းကြီးနဲ့တသွယ်။ နယ်တကာ ဂျစ်ကားနဲ့တစ်ဖုံ၊ အလှပုံတွေသာ အဆွဲခံနေရတော့သည်။

တစ်ခုပဲခက်သည်။

ရုပ်ရှင်ရိုက်ကွင်း၌ လာသမျှလူအမေးကို ဖြေလိုက်တိုင်း ကျွန်တော့်မှာ တွန့်တွန့်သွားရသည်။

"ဟော့ မင်းသားက ဘယ်မှာလဲ"

"ဟိုမှာလေ၊ မကျင်သန့်ဖင်ကိုက်ထားတာ မင်းသားပေါ့"(နာမည်တူရင် ခွင့်လွှတ်ပါ)

ကျွန်တော့်အား စပွန်ဆာပေးသည်က မကျင်သန့် ဖက်ဆေး





လိပ် ဖြစ်ပါသောကြောင့် မကျင်သန့်ဆေးပေါ့လိပ်အစီခံ(ဖင်)ကို ကိုက်ထားရသောကြောင့် လူကြားမကောင်း ဖြစ်နေရလေသည်။

သို့သော် ကိစ္စမရှိ။ ရုပ်သာကျလို့ကတော့ ဘယ်ဖင်ဖြစ်ဖြစ်ကိုက်ရမည်သာ။ (ဆေးလိပ်ဖင်ကို ပြောတာနော်)

ဤသို့ဖြင့် အလှသက်သက် ကွက်ကွက်ကွင်းကွင်းဆွဲပြီး၊ မျက်ခွက်သက်သက် ဖြတ်ရိုက်ပြီး အားလုံးပြီးစီးသွားလေပြီ။

× × ×



www.burmeseclassic.com

www.burmeseclassic.com





အားလုံးကလည်း အားရမို့ ရုံတင်လျှင်ကို ပေါက်ကားစာရင်း ဝင်ပေပြီ။

ရုံတင်လျှင်ပင် နာမည်ကြီးရပေတော့မည်။ ငွေတွေ အလကား မတရားလှိမ့်ဝင်ပေတော့မည်။ ပျော်လိုက်သည့်ဖြစ်ခြင်း။

ဤသို့ဖြင့် ရုပ်ရှင်ပရက်ရှိုးပြရာ အားလုံးက တညီတညာ တည်း အသံထွက်လာ၏။

"ရိုက်ထားတာတော့ ကောင်းပါတယ်၊ ဒါပေမယ့် တစ်ကမ္ဘာ လုံးအတိုင်းအတာနဲ့ ဆေးလိပ်သောက်ခြင်းကို ကန့်ကွက်နေကြတာဆို





တော့ မင်းသားရဲ့ဆေးလိပ်သောက်ခန်းတွေကို ဖြတ်ပေးပါ"

"ဟင်"

မိတ်ဆွေ စဉ်းစားသာကြည့်။

ဆေးလိပ်ကြီး အပင်ပန်းခံခဲမှ မျက်ခွက်ကြီး ပြန်တည့်မှာမို့ တစ်လျှောက်လုံးမလွတ်တမ်း ခဲထားရသော မကျင်သန့်ဖင်။ ဤအခန်း များဖြတ်လိုက်ပါက ဘာကျန်တော့မည်နည်း။

ဤသို့ဖြင့်

× × ×



www.burmeseclassic.com

www.burmeseclassic.com





ဒါရိုက်တာများက ဖြတ်ပေးရှာပါသည်။

စီးကရက်သာခဲထားလျှင် ထိုစီးကရက်ကလေးကို ပိတ်လိုက်ပါက မျက်လုံးမျက်ခုံးလောက်တော့ ကျန်ပေဦးမည်။

ယခုတော့ လုံးပတ်တော်နှစ်ကျပ်တစ်မတ် အရှည်တော် တစ်တောင်လောက်ရှိသော မကျင်သန့်ကို ပိတ်လိုက်သောအခါ မျက်နှာတစ်ခုလုံးက ဘာမှမပေါ်တော့။

"ကျွန်တော့်မှာ မင်းသားတော့မင်းသား"

သို့သော်

"မင်းသားခေါင်းပြတ်ကြီး"ဖြစ်နေ၍ ကျွန်တော်၏ရုပ်ရှင်ကား။ ကျွန်တော်ကိုယ်တိုင်ပါဝင်ထားသော ရုပ်ရှင်ကားမှာ ပြည်သူကြားမရောက်ဘဲ ဤတွင်နိဗ္ဗိတံလေတော့သတည်း။

× × ×







ဤသည်အဖြစ်အပျက်များနောက်ပိုင်း ကျွန်တော်၏ဂျာနယ်ပိုး၊ ရုပ်ရှင်မင်းသားပိုး တစ်ခန်းရပ်သွားသော်လည်း ဇေယျာမြတ်နိုင်၏ လုပ်ရပ်ကိုမြင်ပြီး ကျွန်တော့်မှာ နိုင်ငံရေးပိုးတစ်မျိုးထိုးရရှာပြန်ပါသည်။

နိုင်ငံရေးလုပ်သည်ဆိုသည်မှာ အားလုံးသိပေသော်မူကြသည့်အတိုင်း

၁။ ကျွမ်းကျင်လို့လုပ်တာ

၂။ ဝါသနာပါလို့လုပ်တာ

၃။ အလုပ်မရှိလို့လုပ်တာ



www.burmeseclassic.com

www.burmeseclassic.com



စသည့်အပိုင်းကြီးသုံးပိုင်းရှိသည့်အနက်

၁။ ကျွမ်းကျင်လို့လုပ်သူသည် သူကျွမ်းကျင်သည့်အတွက် သူ့အတွက် အကျိုးအမြတ် ဘာကျန်ကျန်ဆိုသောစိတ်ကူးရှိခြင်း၊

၂။ ဝါသနာပါလို့လုပ်သူသည် လူတွေကို ကူညီချင်၍ လုပ်ခြင်း၊

၃။ အလုပ်မရှိလို့လုပ်သူသည် အလုပ်မရှိလို့ လုပ်မိလုပ်ရာ လုပ်သည့်အတွက် ဘာလာလာဂိမ်းခြင်း။

စသောအကြောင်း(၃)ခုအနက် ကျွန်တော်သည်လည်း ဂျာနယ်မလုပ်ရတော့၍ အချောင်ဆုံးဖြစ်သော ယခု လူအများစိတ်ဝင်စားနေသော နိုင်ငံရေးအလုပ်လုပ်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

မိတ်ဆွေများလည်း သိတော်မူကြသည့်အတိုင်း နိုင်ငံရေးလုပ်ရန်အတွက် ကျွန်တော့်တွင် ပလစ်၊ ပလစ်နှင့် အစုံထွက်သောပါးစပ်ကြီးတစ်ပေါက် ရှိနေသည့်အတွက် လွန်စွာ အဆင်ပြေမည်ဟု ထင်မိသည်။ မည်သို့ယုံကြည်သနည်း။

ဒီတွင် ကျွန်တော်ဖတ်ဖူး မှတ်ဖူးသော ဆရာကြီးဇဝန(ဦးသိန်း)၏ နိုင်ငံရေးသမားလုပ်ချင်သော တူတော်မောင်အား ဦးလေး၏ပေးစာအနေနှင့် ဖတ်ခဲ့ဖူးသည်ကို အရင်းအတိုင်း ပြန်လည်ဖော်ပြပါမည်။

× × ×







အခုလို နိုင်ငံရေးသမားတွေအပေါ်မှာ အယုံအကြည်မရှိ ဖြစ်နေရတဲ့အထဲ မင်းရေးလိုက်တဲ့စာအရ မင်းဟာ နိုင်ငံရေးဘက် စိတ်ဝင်စားနေပြီး နိုင်ငံရေးသမားတစ်ယောက် လုပ်ချင်နေတာ သိရ ပြန်တော့ ရုတ်တရက်တော့ဖြင့် မင့်အပေါ်မှာ ဒေါသဖြစ်မိတယ်၊ နောက် တော့မှ ငါတို့ဆွေထဲမျိုးထဲမှာ မင်းတစ်ယောက်ဟာ အလကား ဖြစ်နေ မယ့်အစား တိုင်းပြည်မှာ အကျိုးရှိအောင် တကယ့်စိတ်စေတနာနဲ့ လုပ်သွားမယ်ဆိုရင် စားစရာမရှိဘဲ ဝေါ်ပြီးနေဦးတော့၊ သေတဲ့အခါ မှာ စည်စည်ကားကားနဲ့ တိုင်းပြည်က ဝိုင်းဝန်းထောက်ပံ့တဲ့အတွက်

www.burmeseclassic.com



မင့်အဖို့ မသာစရိတ်တော့ သက်သာမှာပဲလို့ အောက်မေ့မိတယ်၊ နောက် ပြီးတော့လည်း မင်းသာ တကယ် စိတ်စေတနာကောင်းစွာနဲ့ ဆောင် ရွက်လို့ တိုင်းပြည်မှာ တစ်စုံတစ်ရာ ပြုပြင်ပြောင်းလဲသွားမယ်၊ အကျိုးရှိမယ်ဆိုရင် ငါတို့ဆွေမျိုးကို လူအမျိုးမျိုးက ရှိသေလာလိမ့်မယ်လို့ ယုံကြည်မိတယ်၊ ဒါ့ကြောင့် မင်း နိုင်ငံရေးမှာ စိတ်ဝင်စားနေတာကို ဦးလေး မကန့်ကွက်လိုတဲ့အပြင် မင့်မိတ်ဆွေ အလုပ်လက်မဲ့တွေကိုလည်း အလကားနေမယ့်အစား တိုင်းပြည်အကျိုးရှိအောင် လုပ်ကြဖို့ တိုက်တွန်းစေလိုတာပဲ၊

နိုင်ငံရေးအလုပ်ဟာ အမှန်အားဖြင့်တော့ အရင်းမဆုံးတဲ့ အလုပ်တစ်ခုပဲ၊ နောက်ပြီး အစားရအချောင်ဆုံးလည်း ဖြစ်တယ်၊ နိုင်ငံရေးကို မင်းလုပ်လို့ တိုင်းပြည်မှာ အကျိုးမရှိနဲ့ဦး၊ မင်းအဖို့တော့ တစ်နည်းအားဖြင့် အသက်မွေးဝမ်းကျောင်းရချောင်မှာ အမှန်ပဲ၊

ပရိသတ်ဆိုတာ စင်စစ်မှာတော့ အချိန်ပိုနေတဲ့ လူအားတွေ စုရုံးစုရုံးလုပ်နေတာကို ခေါ်တာပဲ၊ အငြိမ့်ဇာတ်ပွဲ ရုပ်ရှင်ပွဲတွေမှာ ကြိတ်ကြိတ်တိုးနေတာ ဒီလိုလူမျိုးတွေချည်းပဲပေါ့၊ သူတို့တတွေဟာ 'ပျင်းပါသလေ'ဆိုတဲ့ စကားကလေး အစချီပြီး ဘုန်း

နိုင်ငံရေးအလုပ်ဟာ
အမှန်အားဖြင့်တော့
အရင်းမဆုံးတဲ့
အလုပ်တစ်ခုပဲ၊
နောက်ပြီး
အစားရ
အချောင်ဆုံးလည်း
ဖြစ်တယ်၊





ကြီး တရားဟောပွဲ နိုင်ငံရေးတရားဟောပွဲနဲ့ အပျင်းပြေရအောင် လာကြတာပဲ၊

ဒီတော့ မင်း တရားဟောပုဂ္ဂိုလ် လုပ်မယ်ကြံရင် တရားပွဲလာတဲ့လူတွေကို မင်း တရားဟောပြီးတာနဲ့ တပြိုင်နက် ချက်ချင်း ထပြီး ချမ်းသာရတော့မလောက် ဟောတတ်ဖို့ အရေးကြီးတယ်၊ နိုင်ငံရေးဆိုတာ တိုင်းပြည်ငတ်မွတ်ဆင်းရဲရင် လှုပ်ရှားတာပဲ၊ တိုင်းပြည်ဝပြောရင် ဘာမှဖြစ်မှာ မဟုတ်ဘူး၊

ခင်ပျားတို့တတွေ ငတ်နေကြတာ သိရဲ့လား၊ အင်္ဂလိပ်အစိုးရ မကောင်းလို့ ဖြစ်တာ၊ ထင်းခွန် မီးခွန် လူခွန် ခွေးခွန် ဝက်ခွန်ဆိုတဲ့ အခွန်တွေကို တိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်လို့တစ်မျိုး အမျိုးမျိုးညှင်းပန်းနေသမျှ ကာလပတ်လုံး နင်းပြားဘဝက တက်ရမှာမဟုတ်ဘူး၊ အဲဒီတော့ ကျုပ်တို့ ဘယ်လိုလုပ်မလဲ၊ လုပ်စရာတစ်ခုပဲ ရှိတယ်၊ အင်္ဂလိပ်အစိုးရကို ဗမာပြည်က ထွက်ပြေးသွားရအောင် လုပ်ရမယ်၊ ဘယ်လိုလုပ်ရမလဲ 'သူပုန်သူပုန် ထထ'လို့ ပြောလိုက်ရင် လက်ခုပ်တွေ တဖြောင်းဖြောင်းနဲ့ ဖြစ်သွားမယ်၊ တချို့ပရိသတ်တွေလည်း ဖမ်းမှာဆီးမှာကြောက်ပြီး ထပြေးကုန်မှာပဲ၊ မင်းလည်းပဲ လက်ထိပ်စော်နံပြီး လက်ဆစ်နှစ်ဖက်စလုံး ယားလာလိမ့်မယ်၊ အဲဒီအခါကျတော့မှ မင့်စကားကို အငြိအစွန်း မဖြစ်စေရအောင် ရှေ့စကားနဲ့ဆက်ပြီး အဲဒီလိုလုပ်ရင် သေတဲ့လူတွေသေ၊ ထောင်ထဲရောက်တဲ့လူတွေ ရောက်ကုန်ကြမယ်၊ အစိုးရဆိုတာ ဘယ်သူပဲဖြစ်နေနေ အုပ်ချုပ်ရေးဟာ မူလပဲ၊ အုပ်ချုပ်ရေးကောင်းရင် တိုင်းပြည်ငြိမ်းချမ်းတယ်၊ မကောင်းရင်ငတ်မယ်၊ ဒါကြောင့် မကောင်းဆိုးဝါး ဥဒ္ဒါန အုပ်ချုပ်ရေးကို အမြစ်ပါပြုတ်အောင်ဖြုတ်ရမယ်လို့ ဟောလိုက်ရင် ထပ်ပြီး လက်ခုပ်သြဘာလည်းပေးကြမယ်၊ ဥပဒေနဲ့လည်း လွတ်ကင်းမယ်၊ အရေးကြီးတာ အချုပ်မခံရဖို့ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်ဆိုတာ လှည့်ချင်တိုင်းလှည့်လို့ရတာပဲ၊ လာကတည်းက မင့်ကို အထင်ကြီးပြီး မင်းစကား နားထောင်ရအောင်လာတာ၊ သူတို့လောက်မတတ်ဘူးထင်ရင် လာပါ့မလား။ ဒီတော့ လာသမျှသတ္တဝါတွေဟာ ငါလိမ်စရာချည်းလို့ အောက်မေ့ပြီး ဦးလေးပြောသလိုသာ ဟောလိုက်၊ အဲဒီနေ့အဖို့တော့ဖြင့် တရားဟောနေရင်း အနည်းဆုံး လင်မနစ်က နှစ်ပုလင်းကွဲ့၊ မဟောခင် တရားပွဲအကျိုးဆောင်က ညှော်ခံတဲ့ စီးကရက်က သုံးလိပ်၊ ပြောပြီးတဲ့နောက် ကျန်တဲ့ စီးကရက်တစ်ဘူးလုံး အိတ်ထဲသာ ထည့်လိုက်၊ နေ့တွက်တော့ စီသွားတာပဲ၊ အသွားအပြန်လည်း မော်တော်ကားနဲ့ အလကား စီးရဦးမယ်၊

ပရိသတ်ပွဲကျအောင် ဟောလိုက်ရင် နာမည်ကျော်မှာပဲ၊ နာမည်ကျော်ရင် စားလမ်းပိုပြီးပွင့်တာပေါ့၊ ပရိသတ်ဆိုတာ တစ်ယောက်က ဘုမသိဘမသိ လက်ခုပ်တီးလိုက်ရင် ဝိုင်းတီးတာပဲ၊ အမှန်တော့ တရားဟောပုဂ္ဂိုလ် ညာသလောက် သူတို့လည်း လူညာတွေပဲ၊

ဒါကြောင့် တရားဟောတဲ့အခါမှာ မင့်လူယုံတစ်ယောက်နှစ်ယောက် ပရိသတ်ထဲလွှတ်ထားပြီး လက်ခုပ် စစပြီး တီးပေးခိုင်းဖို့လိုတယ်"

× × ×







ဤကဲ့သို့ ရှေးဆရာကြီးများကိုယ်တိုင် လမ်းပြခဲ့သောနည်းကို မလိုက်က ကျွန်တော်ညံ့ရာကျမနေပါလား။

နောက်ပြီး ကျွန်တော် ကိုယ်တိုင်က ဟောပြောပွဲ တစ်ပွဲစနှစ်ပွဲစ လိုက်လံပြောဖူးနေ၍ လုပ်သက်ကလေးကလည်း ရနေပြီဟု ဆိုရပေမည်။

စာချည်း လိုမ့်ရေးနေရတာကလည်း ပျင်းလာသည့်အပြင် ချောင်မလားထင်၍ အလုပ်မရှိအလုပ်ရှာ တစ်သက်လုံး စိတ်မပါခဲ့သော နိုင်ငံရေးဖက် ပြမ္ဘာခေါင်းလှည့်ရန် အဲလေ ခေါင်းလှည့်ရန်



www.burmeseclassic.com

www.burmeseclassic.com



ကြုံရပေတော့သည်။

ဤတွင် နီးစပ်ရာလေ့လာလိုက်ရာ နိုင်ငံရေးသမားဆိုသည်မှာ မဲဆွယ်တရား မှာ လွန်စွာအရေးကြီးသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက စင်ပေါ်တက်လာတိုင်း (Change) ဟူသောစကားကို စပြောသည်။

စပြောသည်နှင့် လူတွေပွဲကျ၏။ မြန်မာလိုဆိုလျှင်

"ပြောင်းလဲရမယ်"

ဒါပါပဲ။

ဒါကို လူတွေက နှစ်သက်ကြသည်။ စနစ်ဟောင်းကို ညည်းငွေ့ပြီကိုး။ ထိုစကားလေးတစ်ခွန်းနှင့်တင် သူမဲနိုင်ခဲ့ပါသည်။

ယခုလည်း ကျွန်တော် မဲဆွယ်ရန်အတွက် စကားတစ်ခွန်းစဉ်းစားရပါသည်။

ပြီးလျှင် ပွဲမဝင်မီ အပြင်မှာလေ့ကျင့်ဟူသော စကားအတိုင်း ကိုယ့်လူစာနယ်ဇင်းသမားများကို အရင်ဆုံးမဲဆွယ်နိုင်ရန် ပြင်ဆင်လိုက်သည်။

အားလုံးသိတော်မူကြသည့်အတိုင်း ဘာမှမလုပ်ခင် ဆန္ဒမဲရော ကြိုတင်မဲရော ရထားပြီးသော ကျွန်တော်သည် မဲဆွယ်တရားအောင်မြင်ရန်အတွက် သိပ်ပင်မဝေးတော့။

ထို့ကြောင့် ကိုယ့်လူနိုင်တစ်သင်းကို သူတို့ကြိုက်သောဆိုင်တွင်ချိန်း၍ နမူနာမဲဆွယ်ရန် ပြင်ဆင်လိုက်သည်။

× × ×







လာရောက်သူများမှာ ကျွန်တော် ဤကဲ့သို့ နိုင်ငံရေးဘာရားဟော၍ မဲဆွယ်မည်မထင်ဘဲ တကယ့်စကားပြောသည့်အခါ ကျွန်တော့်၏ဗိုင်ကြောင်များကို ကြိုက်နှစ်သက်ပြီး လက်ခုပ်တီးကြ အားပေးကြမှာ သေချာ၏။

ထို့ကြောင့် အားလုံး ဆိုင်ကိုရောက်ချိန် လူစုံပြီဆိုမှ ပင်နီအင်္ကျီနှင့်ကျွန်တော် ခပ်မတ်မတ်ဝင်ရပ်လိုက်သည်။ နောက် ကျွန်တော် စိတ်ကူးထားသော စကားကို မာန်ပါပါပြောမည်အပြင် ကြားရသည်များက



www.burmeseclassic.com

www.burmeseclassic.com



"ကန်တော်ကြီးမှာ ရေကြီးလို့တဲ့"

"ရေမြောင်းပိတ်တာပဲ ဖြစ်မှာပေါ့။ (၃၆)လမ်းမှာတောင် ရေကြီးနေတာပဲ"

"ဒီကြားထဲ လမ်းတွေကလည်း ပျက်လိုက်တာဗျာ၊ ဘယ်က သွားရမှန်းကို မသိဘူး"

"လိုင်းကားတွေကလည်း ကြပ်ညပ်နေတာပဲ၊ အမှန် ကိုယ်ပိုင်ကားတွေ သွင်းမယ့်အစား လိုင်းကားတွေ အရင်သွင်းသင့်တယ်"

> တစ်နိုင်ငံလုံး မပြောနှင့်၊ တစ်မိသားစုလောက် အဆင်ပြေအောင် လုပ်ဖို့တောင် လွယ်ကူသော အလုပ်မဟုတ်။

"ရထားစီးပါလား"

"ရထားကလည်း လူချောင်ပေမယ့် အချိန်မမှန်ဘူးဗျ"

"အလုပ်နောက်ကျလို့ ဖုန်းဆက်ဖို့ကျပြန်တော့လည်း ဖုန်းလိုင်းက မမိဘူး"

"သွားရလာရတာကလည်း ဝေးလာပြီဗျ၊ မြို့ထဲတိုက်ရောင်းပြီး မြို့ပြင်ထွက်ဝယ်တော့ မြေဈေးတွေကလည်း တက်ကုန်ပြီ၊ သူဌေးတွေလိုက်ဝယ်လို့တဲ့"

"ဝေးရတဲ့ကြားထဲဗျာ၊ လမ်းမှာ စိတ်မချရဘူး၊ တက္ကစီတွေကိုလည်း လုလို့တဲ့"

"မီးတွေကမှ မလာတာဗျာ၊ လမ်းမှာက မှောင်တော့ သူတို့အကြိုက်ပေါ့"

"မီးသာ မလာတာဗျာ၊ အလျှုံခံ လော်စပီကာတွေက မီးစက်တွေနဲ့ဗျ၊ ကျွန်တော်တို့နိုင်ငံမှာ လော်စပီကာဥပဒေ မရှိဘူးလား"

"ဆင်းရဲပေမယ့် လှူကြတာပဲခနော်"

သူတို့ပြောစကားများကြားတော့ ကျွန်တော် နိုင်ငံရေးလောကထဲ ခြေစုံပစ်ဝင်ရန် လူတိုင်းကြိုက်သော စကားတစ်ခွန်းပြောရန် ပြင်ဆင်ခဲ့သမျှ မေ့ကျန်ရစ်ရရှာပြီ။

"ငါပြောမယ့်စကားက ဘာပါလိမ့်"

ပြန်စဉ်းစားမရ။

ဘာကိုဘာမှန်းမသိတော့။

လူပေါင်းသန်း(၆၀)ကျော်၏ စကားများမဆိုထားနှင့်။ လူငါးဦးခန့်၏ပြောစကားများ ဒုက္ခများကိုတောင် ဘယ်လိုကာကွယ်၊ ဘယ်လိုကူညီရမှန်းမသိ။

လူကြီးမင်းများလည်း မည်သို့ ကူညီကာကွယ်နေကြသည်ကို မသိနိုင်တော့။

တစ်နိုင်ငံလုံးမပြောနှင့် တစ်မိသားစုလောက် အဆင်ပြေအောင်လုပ်ဖို့တောင် လွယ်ကူသော အလုပ်မဟုတ်။

ထို့ကြောင့် အမတ်လုပ်ရန် အကြံမှ အလှဲလုပ်ရန်သာ ပြောင်းကြံလိုက်ရသည်။ လူလည်းမမတ်နိုင်တော့။ တစ်ခွက်ပြီးတစ်ခွက်နှင့် လူလဲသွားရန်သာ။ သို့သော် နားထဲတွင်တော့ ကြားနေရတုန်း။

"ပုဂ္ဂလိကကျောင်းတွေ ဘယ်ရောက်သွားလဲ"

"ကလေးတွေ ပညာရေးကလည်း ရင်လေးတယ်၊ တချို့ကျောင်းတွေမှာ ခုံကြေး၊ စာအုပ်ကြေးတောင်းတုန်းတဲ့"

"ကားလမ်းမပေါ်က ဂိတ်ကြေးတက်သလို တက်သလားမှ မသိတာ"

"မော်တော်ပီကယ်ဂိတ်တွေရော ဘယ်လိုလဲ"

"အရင်လိုပါပဲ၊ အပေါ်ချည်းပဲပြောင်းနေလို့မှ မရဘဲလေ







www.burmeseclassic.com

www.burmeseclassic.com



ဆန်ဈေးကအစ တက်နေတော့ သူတို့လည်း အင်း”

“အလုပ်မရှိတဲ့သူတွေသာမရှိတာ၊ ချမ်းသာတဲ့သူတွေက တော့”

“တန်းတူအခွင့်အရေး ရဖို့ဆိုတာ”

စကားလုံးတွေ ပလုံစီထနေတုန်း။ စောစောက အမတ်လုပ်ချင်သော ကျွန်တော်သည်လည်း အမတ်မလုပ်ချင်တော့။ တစ်ခွက်ပြီး တစ်ခွက်သောက်ပြီး အလှဲသာလုပ်ချင်နေမိတော့လေသတည်း။

လေးစားစွာ ကြိုးစားလျက်

အကြည်တော်



စာအုပ်ကောင်းလေးတွေ ဖတ်ရတဲ့အခါ
စာဖတ်ပရိသတ်တွေကိုလည်း
မျှဝေချင်မိတယ်။
ဒါကြောင့် ဒီစာအုပ်ကို ထုတ်ဖြစ်တာပါ။



www.burmeseclassic.com